# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday, 11 March 2023 ၁၁၀၃၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**


**ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်** စာမျက်နှာ » ၂

**ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃)**
Myanmar Health Sciences Conference (2023)
ဆောင်းပါး စာမျက်နှာ » ၆

**(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော်၌ ကျင်းပမည်** စာမျက်နှာ » ၉


# ပြည်သူ့အငှားအိမ်ရာစီမံကိန်း(ရန်ကုန်)ရှိ ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းများ လာမည့်ဘဏ္ဍာနှစ်တွင် ရာနှုန်းပြည့်ပြီးစီးမည်

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးထောင့်ကန်ကျေးရွာအနီး မြေဧရိယာ ၁၇၁ ဧကပေါ်၌ တည်ဆောက်လျက်ရှိသော ပြည်သူ့အငှားအိမ်ရာစီမံကိန်း(ရန်ကုန်)ရှိပထမအဆင့်အပိုင်း တည်ဆောက်ရေးလုပ်ငန်းများ လာမည့်ဘဏ္ဍာနှစ်တွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**အဆင့်မြင့်အိမ်ခန်းပေါင်း ၃၁၀၄ ခန်းပါဝင်မည်**

ပြည်သူ့အငှားအိမ်ရာ စီမံကိန်း(ရန်ကုန်)အား နိုင်ငံတော်အစိုးရဘဏ္ဍာငွေဖြင့် အကုန်ကျခံတည်ဆောက်ဆောင်ရွက်နေခြင်းဖြစ်ပြီး ပထမအဆင့်အဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေခြင်းဖြစ်သည်။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်(MCEF)က အဆောက်အအုံ ၉၇ လုံးနှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်(MLCA)က အဆောက်အအုံ ၉၇ လုံးဖြင့် စုစုပေါင်း အဆောက်အအုံ ၁၉၄ လုံးကို ဆောက်လုပ်နေခြင်းဖြစ်၍ အဆင့်မြင့်အိမ်ခန်းပေါင်း ၃၁၀၄ ခန်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။


**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❋**




ပြည်သူ့အငှားအိမ်ရာစီမံကိန်း(ရန်ကုန်)ကို တွေ့ရစဉ်။




ကြေးမုံ

# နိုင်ငံတည်ဆောက်ရေးအတွက် သွင်းကုန်အစားထိုးကြိုးပမ်းထုတ်လုပ်

"နိုင်ငံတည်ဆောက်ရေးတွင် သံမဏိသည် မဖြစ်မနေလိုအပ်သည့် ပစ္စည်းဖြစ်ပြီး ပြည်တွင်းလိုအပ်ချက် များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေးစီမံကိန်းများအား အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း" မတ် ၈ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)သို့ သွားရောက်စစ်ဆေးစဉ် ပြောကြားခဲ့သည်။

အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။ စီမံကိန်းတည်ဆောက်မှုကို ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်တွင် ယာယီရပ်ဆိုင်းခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ စီမံကိန်းအကောင်အထည်ဖော်မှု ရပ်တန့်ထားသည့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြန်လည်အကောင်အထည်ဖော်ခဲ့ရာ စီမံကိန်းအလုပ်ရုံ ၂၂ ရုံအနက် ၁၉ ရုံကို ဝန်မပါစမ်းသပ်လည်ပတ်နိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် သံ၊ သံမဏိ၊ ကြေးနီ၊ သတ္တု၊ ခဲမဖြူ၊ အဖြိုက်နက်စသည့် တွင်းထွက်သယံဇာတများစွာထွက်ရှိသည်။ အရင်းအနှီး၊ နည်းပညာနှင့် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များလိုအပ်သဖြင့် စီးပွားဖြစ်ထုတ်လုပ်ရေးတွင် အားနည်းချက်ရှိသည်။ ယခုသံမဏိစီမံကိန်းကို ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများကြားမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း စီမံကိန်းလုပ်ငန်းအပေါ် နားလည်မှုနှင့် မဟာဗျူဟာမြောက်အမြင်မရှိဘဲ စီမံကိန်းကို ၂၀၁၇ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သဖြင့် နိုင်ငံတော်အတွက် များစွာနစ်နာခဲ့ရသည်။ ခေတ်မီတိုးတက်သည့်နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရေးတွင် သံမဏိသည် အရေးပါသည့် ကုန်ကြမ်းပစ္စည်းဖြစ်သည်။ ယခု ကြိုးပမ်းဆောင်ရွက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သံ၊ သံမဏိထုတ်ကုန်များကို ပြည်ပမှ တင်သွင်းစရာမလိုဘဲ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် နိုင်ငံခြားသုံးငွေကုန်ကျမှုကို လျှော့ချနိုင်ခြင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခြင်း၊ ခိုင်မာသည့်ဈေးကွက်ရရှိခြင်းတို့ကြောင့် မဖြစ်မနေအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းတစ်ခုဖြစ်သည်။ "နိုင်ငံ၏ မြေပေါ်မြေအောက် သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့်သည် နိုင်ငံသူ နိုင်ငံသားတို့၏ လက်ဝယ်တွင်သာရှိရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်းကို မိမိတို့ပြည်တွင်းအားဖြင့် လုပ်ဆောင်နိုင်သည်ဟူသည့်စိတ်ဖြင့် ယုံကြည်မှုကို တည်ဆောက်နိုင်ရမည်ဖြစ်ပြီး လူသားအရင်းအမြစ်ကောင်းများရှိနေပါက မိမိတို့အနေဖြင့် အခြားသူများကို အားကိုးရန်လိုအပ်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်အတွက် ရေရှည်အကျိုးကိုကြည့်၍ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးကိုလည်း ဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ကြစေလိုကြောင်း" အဆိုပါ စီမံကိန်းကို စစ်ဆေးစဉ် နိုင်ငံတော်အကြီးအကဲက ဖြည့်စွက်ပြောကြားခဲ့သည်။

ထို့အပြင် မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲမှုနှင့် ပတ်သက်၍လည်း "မြေအောက်သယံဇာတများသည် သစ်တောသစ်ပင်များကဲ့သို့ ပြန်လည်စိုက်ပျိုး၍ ရနိုင်သည်မဟုတ်ဘဲ နှစ်ပေါင်းများစွာကြာမြင့်မှသာလျှင် သဘာဝအလျောက်ဖြစ်တည်လာနိုင်သည်ဖြစ်ရာ နိုင်ငံအတွက်အကျိုးရှိသည့် နေရာများတွင်သာ အသုံးချရန်နှင့် ထုတ်ယူသုံးစွဲမှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း" လမ်းညွှန်မှာကြားထားသည်။ အဆိုပါ သံမဏိစက်ရုံစီမံကိန်းကို ကမ္ဘာ့ပထမဆုံး သံရည်ကျိုနည်းစဉ်ကို အသုံးပြုထားသဖြင့် အလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ပြုလုပ်နိုင်ရေးနှင့် အလုပ်ရုံများအချင်းချင်း ချိတ်ဆက်ထုတ်လုပ်မှု ဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များအလိုက် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းတွင် သံသတ္တုရိုင်း ပြုပြင်ရေးအလုပ်ရုံ၊ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ၊ သံရည်ကျိုအလုပ်ရုံ၊ သံစိမ်းတုံး ပုံလောင်းအလုပ်ရုံ၊ သံစိမ်းတုံးသိုလှောင်ရုံ၊ ဖိအားမြင့် လေထုတ်အလုပ်ရုံတို့ကို တည်ဆောက်ထားသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် သံ၊ သံမဏိ ထုတ်ကုန်များကို ပြည်ပသွင်းကုန်အဖြစ်မလိုအပ်တော့ဘဲ ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရန်အတွက် အကောင်အထည်ဖော် တည်ဆောက်ထားသော သံ၊ သံမဏိစီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားထားချက်များနှင့်အညီ တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၈၂ / ၂၀၂၃
၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်)

**ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းခဲ့သော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ ( ခ ) အရ သတ်မှတ်လိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ကော့မှူးမြို့နယ်၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်

ကော့မှူး မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ မတ် ၉ ရက် နံနက်ပိုင်းက အခမဲ့အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ကွန်ပျူတာဆရာမ ဒေါ်မျိုးမျိုးသူက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ဇာခြည်စိမ့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းကို မတ် ၉ ရက်မှ ၂၉ ရက်အထိ နံနက် ၉ နာရီမှ ၁၂ နာရီအထိ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀ – ၃ –၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၆ | ၄၉,၈၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၁,၆၇၅ | ၅,၄၃၇,၀၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၇ | ၅၃,၀၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၁,၈၁၄ | ၂,၉၉၃,၁၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၅ | ၁၃,၂၅၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၁၀ | ၂၆,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၇၃ | ၃၅၇,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၂၅.၆ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၁.၇၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၉၃၂ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၄.၆၀ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၉၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၈၃.၀ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၄၉.၆ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၆.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၉၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အကယ်ဒမီဆုပေးပွဲသည် ရုပ်ရှင်လောကတစ်ခုတည်းအတွက် မဟုတ်ဘဲ ရုပ်ရှင်၊ သဘင်၊ ဂီတလောကသားများ ပြန်လည်သက်ဝင်လှုပ်ရှားလာမည့် ပွဲဖြစ်သည့်အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလို



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် မတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူများနှင့် လူငယ်များ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရန်၊ စာပေလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာ၊ ဗဟုသုတ တိုးပွားလာစေရန်၊ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားနိုင်ပြီး ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေရန်နှင့် နိုင်ငံတော်ကိုအကျိုးပြုမည့် သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ခရိုင်၊ မြို့နယ်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ဖွင့်လှစ်၍ စာအုပ်များ အခမဲ့ငှားရမ်းပေးခြင်းလုပ်ငန်းကို ဌာနစတင်ဖွဲ့စည်းစဉ်ကတည်းက အဓိကအလုပ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## အခမဲ့ငှားရမ်းပေးလျက်ရှိ

ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများကို သမားရိုးကျစနစ်ဖြင့် စာအုပ်စာစောင်များ မှတ်ပုံတင်ခြင်း၊ ကတ်တလောက်ရေးဆွဲခြင်း၊ စာအုပ်များငှားရမ်းခြင်း လုပ်ငန်းများကို ပြောင်းလဲတိုးတက်လာသည့် Digital Libraryစနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး မြို့နယ်ရုံး ၁၀၂ ရုံးတွင် Digital Library Management System အသုံးပြု၍ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြည်သူ့စာကြည့်တိုက်လုပ်ငန်းနှင့်အတူ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်များဖြင့် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများသို့ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးလျက်ရှိကြောင်း၊ အလားတူ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စာကြည့်တိုက်ဥပဒေများ ရေးဆွဲပြီး ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များနှင့် ပရိဘောဂများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း။

မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ငွေကျပ် ၄၆၀၃ သိန်း အကုန်အကျခံ၍ စာကြည့်တိုက် ၃၄၃ တိုက်ကို အဆောက်အအုံသစ် ဆောက်လုပ်ပေးနိုင်ခဲ့ပြီး စာကြည့်တိုက် ၂၂၅ တိုက်အတွက် ပရိဘောဂများ ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရကြောင်း၊ လူတိုင်းစာဖတ်ခြင်းဖြင့် မိမိဘဝ၊ မိသားစုဘဝ၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံကိုပါ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်နိုင်ကြစေကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မုဒိတာစကားပြော ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်းက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့ရှိ ရပ်ကွက်/ ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာစာကြည့်တိုက်မှူးများက လက်ခံရယူကြသည်။

## ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကိုယ်တိုင်ရေးသားပြုစုထုတ်ဝေခဲ့သော ရင်ထဲက အဖေနှင့်ပတ်သက်သည့် စာစုများ စာအုပ် ၂၀၀ နှင့် စိုက်/ မွေး/ ဆည် စာစုများစာအုပ် ၂၀၀ စုစုပေါင်း ၄၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူသည်။

ထို့နောက် သဃ်န်းကျွန်းမြို့နယ် စိတ်အာဟာရစာကြည့်တိုက် စာကြည့်တိုက်မှူး ဒေါ်အေးအေးစိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ လှူဒါန်းသည့် စာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ပြုလုပ်သည့် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် အစည်းအဝေးလေးကြိမ် ဆွေးနွေးခဲ့ကြောင်း၊ ယနေ့ အစည်းအဝေးတွင် အတည်ပြုချက်များ ရယူသွားမည်ဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်း အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ခြင်းထက် မြန်မာ့ရုပ်ရှင်လောကကြီး စင်မြင့်ပေါ်ပြန်လည်ရောက်ရှိရန် အရေးကြီးကြောင်း၊ ရုပ်ရှင်လောကကြီး ပြန်လည်အသက်ဝင်လှုပ်ရှားရန် အချိန်အခါရောက်ပြီဖြစ်ကြောင်း၊ အကယ်ဒမီဆုပေးပွဲသည် ရုပ်ရှင်လောကတစ်ခုတည်းအတွက် မဟုတ်ဘဲ ရုပ်ရှင်၊ သဘင်၊ ဂီတလောကသားများပြန်လည်သက်ဝင်လှုပ်ရှားလာမည့် ပွဲဖြစ်သည့်အတွက် တက်ရောက်လာသူအားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် နာယကများ၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အနုပညာရှင်များက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံတွင် ပြသနေသည့် The Teacher ရုပ်ရှင် ဇာတ်ကားပြသနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အဖွဲ့နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အမှုဆောင်အဖွဲ့သစ် ဖွဲ့စည်းနိုင်ရန်နှင့် ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် ဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့ တာဝန်ယူဆောင်ရွက်ခဲ့ပြီးဖြစ်သည့် တစ်နှစ်ခွဲခန့်ကာလအတွင်း ဂီတလောကသားများအတွက် သက်သာချောင်ချိရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးမှုအပြင် အခက်အခဲများမရှိစေရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးမှု၊ နိုင်ငံတော်အဆင့် အခမ်းအနားနှင့် ဖျော်ဖြေပွဲများတွင်လည်း တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ ဂီတလောကသားများအားလုံး ပါဝင်လာစေလိုပြီး လုပ်ငန်းဆောင်တာများကို ပုံမှန်အခြေအနေဖြစ်အောင် ရဲရဲဝံ့ဝံ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ခြင်းနှင့်အတူ အမှုဆောင်အသစ်များ ပေါ်ပေါက်လာစေရေးအတွက်လည်း ကြိုတင်ပြင်ဆင်လျာထားဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ယာယီအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများက "ဂီတစွမ်းအား ပြည်ထွန်းကား" ဆောင်ပုဒ်နှင့်အညီ ဂီတလောကဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးတင်ပြကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို သိရှိနားလည်သဘောပေါက်ပြီး လိုက်နာဆောင်ရွက်မှသာ မှန်မှန်ကန်ကန်ဖြင့် လုပ်ငန်းပြီးမြောက်အောင်မြင်မည်

နေပြည်တော် မတ် ၁၀

လုပ်ငန်း(သို့မဟုတ်) လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၀)နှင့် (၄/၂၀၂၃)တို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ထိရောက်စွာကြီးကြပ်ကွပ်ကဲနိုင်ရေးအတွက် "နိုင်ငံပိုင်ကဏ္ဍ၊ ငွေလုံးငွေရင်းစရိတ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်း(သို့မဟုတ်) လုပ်ငန်းစီမံကိန်းများ၏ ခန့်မှန်းစီမံကိန်းတန်ဖိုး ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်"ကို တစ်ပြေးညီဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်(၄၅/၂၀၂၀)ကို ၂၀၂၀ ပြည့်နှစ်က ထုတ်ပြန်ထားပြီး ယခုအခါ အဆိုပါအမိန့်ကိုပြင်ဆင်ဖြည့်စွက်သည့်အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၃)ကို ထပ်မံထုတ်ပြန်ခဲ့ကြောင်း။

ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များကို သေသေချာချာ နားလည်သဘောပေါက်ရန် လိုကြောင်း၊ ဦးစီးဌာန/လုပ်ငန်းများ အနေဖြင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများ၊ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ကြရာတွင် ခန့်မှန်းတန်ဖိုးပြောင်းလဲဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်နိုင်ရန်အတွက် အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၀)နှင့် (၄/၂၀၂၃)တို့တွင် ပါဝင်သည့် ညွှန်ကြားချက်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လာရောက်ရှင်းလင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို သိရှိနားလည်သဘောပေါက်ပြီး လိုက်နာဆောင်ရွက်မှသာ မှန်မှန်ကန်ကန်ဖြင့် လုပ်ငန်းပြီးမြောက် အောင်မြင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဆွေးနွေးပွဲများ ကျင်းပရခြင်းမှာ စက်မှုဝန်ကြီးဌာနအရာထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် သံမဏိစက်ရုံ စီမံကိန်းများ လုပ်ထုံးလုပ်နည်းများနှင့်



အညီ စနစ်တကျ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အကူအညီများ ပံ့ပိုးကူညီပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့က ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၀)နှင့် (၄/၂၀၂၃)တို့တွင် ပါဝင်သည့် အချက်တစ်ခုချင်းစီကို အသေးစိတ် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသော မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများကို လူတွေ့မေးမြန်းအကဲဖြတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ နေထိုင်ရေး ဆွေးနွေး

နေပြည်တော် မတ် ၁၀

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများနှင့် ပတ်သက်၍ နိုင်ငံခြားသားအမြဲ နေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများကို လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ဗဟိုကော်မတီဝင်များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်(Permanent Residence System–PR System)ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်း အခြေအနေများနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မှု၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်(PR)ကို နည်းဥပဒေ ထုတ်ပြန်ပြဋ္ဌာန်း၍ အမျိုးအစားလေးမျိုး သတ်မှတ်ခွင့်ပြုဆောင်ရွက်ပေးမှုပြဋ္ဌာန်းထားသည့်နည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေကို ထုတ်ပြန်နိုင်ခဲ့သည့်အတွက် PR လျှောက်ထားရာတွင် ပြည်တွင်းမှသာမက ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၌ပါ လျှောက်ထားနိုင်မှု၊ စတင်ဆောင်ရွက်ချိန်မှ လက်ရှိ အခြေအနေအထိ PR လျှောက်ထားသူများကို စိစစ်ခွင့်ပြုပေးမှု၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် လူတွေ့မေးမြန်း အကဲဖြတ်ရန် ကျန်ရှိနေသူများ အပါအဝင် ယခု လူတွေ့မေးမြန်းအကဲဖြတ် ဆောင်ရွက်မည့်သူများကို PR နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်မေးမြန်းအကဲဖြတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများကို လူတွေ့မေးမြန်းအကဲဖြတ် ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ဗဟိုကော်မတီဝင်များက ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်ထားသူများကို တစ်ဦးချင်းတွေ့ဆုံကာ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များမှ သိရှိလိုသည်များ၊ ပြဋ္ဌာန်းထားသည့် PR နည်းဥပဒေအပေါ် သိရှိနားလည်လိုက်နာ ဆောင်ရွက်ရေးနှင့် တည်ဆဲဥပဒေများနှင့် အညီ နေထိုင်နိုင်ရေးကို မေးမြန်းဆွေးနွေးကာ အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်(PR System) ဖြင့် ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်၊ အခြားနိုင်ငံသားခံယူထားသည့် မြန်မာနိုင်ငံသားဟောင်း၊ မြန်မာနိုင်ငံသားနှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားဟူ၍ အမျိုးအစား လေးမျိုး သတ်မှတ်ခွင့်ပြုပေးလျက်ရှိရာ စတင်ဆောင်ရွက်သည့် ၂၀၁၅ ခုနှစ်မှ ယခုအထိ မိသားစုအပါအဝင် လျှောက်ထားသူ စုစုပေါင်း ၇၄၆ ဦးရှိပြီး မိသားစုအပါအဝင် ၆၇၀ ကို အတည်ပြုခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်းနှင့် လျှောက်ထားသူများအနက် PR နည်းဥပဒေအရ ငြင်းပယ်ခဲ့သူ ခုနစ်ဦး၊ လျှောက်ထားခြင်းကို ပြန်လည်ရုပ်သိမ်းသူ တစ်ဦး၊ သေဆုံးသူ တစ်ဦးရှိသည်။

ကိုဗစ်-၁၉ ဖြစ်ပွားချိန်မှစ၍ အကြောင်း အမျိုးမျိုးကြောင့် လူတွေ့မေးမြန်း အကဲဖြတ်ရန် ကျန်ရှိသူ ၃၇ ဦးနှင့် မိသားစုဝင် ၁၀ ဦး၊ ပြီးခဲ့သည့် ဗဟိုကော်မတီ အစည်းအဝေးမှ စိစစ်ခွင့်ပြုသူ ၁၇ ဦးနှင့် မိသားစုဝင် တစ်ဦးရှိရာ ယခုအစည်းအဝေးတွင် ယခင်ကျန်ရှိသူ ၃၇ ဦးနှင့် နောက်ဆုံးစိစစ်ပြီးသူ ၁၇ ဦး စုစုပေါင်း ၅၄ ဦးအနက် လူတွေ့စစ်ဆေးခြင်းခံယူရန် အကြောင်းပြန်ကြားသူ ၂၁ ဦးကို လူတွေ့မေးမြန်း အကဲဖြတ် ဆောင်ရွက်ခဲ့ကြပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့ တင်ပြကာ အတည်ပြုခွင့်ပြုသူများကို နေထိုင်ခွင့် လက်မှတ်နှင့်ကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ဌာန၏ လုပ်ငန်းစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကဝမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာ ပေးအပ်ပွဲကျင်းပ

ကဝ မတ် ၁၀

ကဝမြို့နယ်အတွင်းရှိ မိုးစပါး/နွေစပါး တစ်ဧကအထွက်နှုန်းတိုးတက်စေရေးအတွက် စပါးကြဲခင်းစိုက်ပျိုးမှုစနစ်မှ တိုက်ရိုက်အစေ့ချစိုက်ပျိုးနိုင်ရန် စပါးမျိုးစေ့ချကိရိယာ(12 roll Seeder)လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကဝမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ အတွင်းရေးမှူး ဦးရဲကိုကို(မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး)က တိုက်ရိုက်အစေ့ချစိုက်ပျိုးမှုစနစ်အား ရှင်းလင်းပြောကြားကာ ရေတော်၊ မိုးတော်မိုးစပါးစိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား စပါးမျိုးစေ့ချကိရိယာ (12 roll Seeder)အခု ၅၀ နှင့် အသင့်သုံး EM ဖျော်ရည်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကလေးဝမြို့၌ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းသရုပ်ပြပွဲပြုလုပ်

ကလေးဝ မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းသရုပ်ပြပွဲဆောင်ရွက်ခြင်းကို မတ် ၉ ရက် နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် တောင်သူ ဦးမြင့်မောင်ပိုင် ကွင်းအမှတ်(၁၆) စကားဝါမြိုင်ကွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြေပဲစိုက်ဧက တစ်ဧကတွင် ယူရီးယားနှင့် လက်ချားကို အသုံးပြု၍ ကုန်ကျစရိတ်နည်းသည့် ပဲမျိုးစုံအထွက်တိုးအောင် စိုက်ပျိုးနည်းကို လက်တွေ့ပြသခဲ့ရာ စိတ်ပါဝင်စားသည့်တောင်သူ ၁၅ ဦးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
★ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အသစ်ခန့်အပ် တာဝန်ပေးအပ်ခံရသည့် ဦးစီးအရာရှိများ ဩဝါဒခံယူခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၁၀

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ထံမှ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတွင် အသစ်ခန့်အပ် တာဝန်ပေးအပ်ခံရသည့် ဦးစီးအရာရှိများက ဩဝါဒခံယူခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ပြုလုပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အသစ်ခန့်အပ် တာဝန်ပေးအပ်ခံရသည့် ဦးစီးအရာရှိ ၁၀ ဦးက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသား အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ဌာနချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသစ်ခန့်အပ် တာဝန်ပေးအပ်ခံရသည့် ဦးစီးအရာရှိများသည် မိမိဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ တာဝန်ထမ်းဆောင်မည့် ဒေသများမှ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ခံများ၏ ညွှန်ကြားချက်များကိုလိုက်နာအကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် တိုင်းရင်းသား ပြည်သူလူထုနှင့် ပေါင်းကူးဆောင်ရွက်ပေးရသောဌာနဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၊ ဦးစီးဌာနတို့၏ ဂုဏ်သိက္ခာကို မညှိုးနွမ်းအောင် နေထိုင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို သိရှိရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးတစ်ရပ်လုံးအတွက် နိုင်ငံအကျိုးပြု စည်းရုံးရေးမှူးကောင်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ဦးစီးရာထူး အဆင့်နှင့်လျော်ညီစွာ တာဝန်ထမ်းဆောင်ကြရန် ဦးစီးအရာရှိများအနေဖြင့် မိမိအထက် အရာရှိမှ ပေးအပ်လာသော လုပ်ငန်းတာဝန်ဝတ္တရားများကိုဖြစ်စေ၊ နိုင်ငံတော်၏ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်လာသော လုပ်ငန်းတာဝန်များကိုဖြစ်စေ၊ မိမိအထက် အကြီးအကဲ၏ ကွပ်ကဲမှုအနည်းဆုံးဖြင့် အချိန်နှင့်တစ်ပြေးညီ အချိန်မီပြီးစီးအောင်တာဝန်ကို ထမ်းဆောင်၊ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကိုလည်း အထူးဂရုစိုက်နေထိုင်ကြရန် မှာကြားလိုပါကြောင်း၊ မိမိဌာန၊ ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် သာယာဝပြောတိုးတက်ရေးအတွက် ရှေးရှုပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လုပ်ငန်းတာဝန်များကို အစွမ်းကုန်ထမ်းဆောင်သွားနိုင်ကြရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဩဝါဒအမှာစကားပြောကြားသည်။ ယင်းနောက် အသစ်ခန့်အပ် တာဝန်ပေးအပ်ခံရသည့် ဦးစီးအရာရှိများက မိမိတို့၏ လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးတွင် သီးနှံမျိုးသန့်ဇုန်များထူထောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးကြိုးပမ်း



နေပြည်တော် မတ် ၁၀

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ် ၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းတိုင်းဒေသကြီး၌ သီးနှံမျိုးသန့်ဇုန်များထူထောင်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး သီးထပ်စိုက်ပျိုးနိုင်သည့် တန်းမြင့်ဆန် ရရှိနိုင်သည့် ရက် ၉၀ စပါးမျိုးကို တောင်သူများ စိုက်ပျိုးလာစေရေး၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား အကျိုးတူလယ်ယာစနစ် တိုးချဲ့ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ရေး တွန်းအားပေး ဆောင်ရွက်ရန်၊ စပါးအခြောက်ခံစက်များ အပါအဝင် လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာ တိုးမြှင့်သုံးစွဲနိုင်ရေး၊ မျိုးစေ့ထုတ်လုပ်ငန်းတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် ရေပေးမြောင်း၊ ရေသွင်းမြောင်းများ ကောင်းမွန်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်နှင့် တာဝန်ရှိသူများသည် သနပ်ပင်မြို့ ရွှေဖျိုင်းဖြူကုမ္ပဏီတွင် ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အထောက်အပံ့ဖြင့် ပဲတီစိမ်းစိုက်ပျိုးကြမည့် တောင်သူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

တွေ့ဆုံစဉ် တောင်သူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စပါးအခြောက်ခံစက်နှင့် ပဲတီစိမ်းထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဘုရားကြီးမြို့ရှိ စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းကျောင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ သင်တန်းကျောင်းအုပ်ကြီးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သင်တန်းလျာထားချက်အပေါ် ဖွင့်လှစ်ပြီး၊ ဖွင့်လှစ်ဆဲသင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီးလိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာဇကေ ၁၂၀ စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းခွင်နှင့် ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း သရုပ်ပြနေမှုကို ကြည့်ရှုအားပေးကြသည်။ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ လေဝင်လေထွက်ကောင်းမွန်သဖြင့် စပါးပင်များ သန်စွမ်းဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်သဖြင့် တောင်သူများ ရွေးချယ်အသုံးပြုလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဒိုက်ဦးမြို့ ပေါက်တပင် မျိုးသန့်ခြံ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ရွှေနံ့သာပေါ်ဆန်းမွှေး-၂ (ခေါင်နံ့ ပျိုးခင်း) ကို ကြည့်ရှုစစ်ဆေးပြီး ခြံအဆင့်မြှင့်တင်ရန် လိုအပ်ချက်များ၊ တောင်သူများနှင့် ပူးပေါင်း၍ သုတေသနလုပ်ငန်း ဆောင်ရွက်ရန်နှင့် မျိုးစေ့သန့်စင်စက်များ အသုံးပြုနိုင်ရေးနှင့် လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (ITC) ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် နည်းပညာပံ့ပိုးဆောင်ရွက်မှုလုပ်ငန်းများ၊ ဆွာချောင်းတမံရေပိုလွှဲ ပုံစံငယ် (Physical Model)ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃)

# Myanmar Health Sciences Conference (2023)

## ဒေါက်တာကျော်ဇံအောင် (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန)

ကျန်းမာရေးဝန်ကြီးဌာန၏ ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) "Myanmar Health Sciences Conference (2023)" ကို မတ်လ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC–II) ၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (Myanmar Health Sciences Conference) ၏ အဓိကဦးတည်ချက်ခေါင်းစဉ်အနေဖြင့် အရည်အသွေးရှေးရှု ကျန်းမာရေးစောင့်ရှောက်မှု (Quality Care in Medical Practice) ဟု သတ်မှတ်၍ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲ (Symposium) ၄၉ ခုနှင့် ဆေးလက်တွေ့ဆွေးနွေးခြင်းကဏ္ဍ (Clinical Sessions) လေးခုအပြင် အာရှနှင့် အရှေ့တောင်အာရှဒေသတွင်းမှ ဆေးပညာရှင် ၁၁ ဦး၏ Special Talks များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ရည်ရွယ်ချက်များအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ ကျန်းမာရေးကဏ္ဍနယ်ပယ်အသီးသီးမှ ပညာရှင်များ ပါဝင်ဆင်နွှဲနိုင်စေခြင်းဖြင့် ခေတ်မီဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့်ပတ်သက်၍ သိရှိနားလည်နိုင်စေရန်၊ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ဆေးပညာရပ်များဆိုင်ရာပညာရှင်များအချင်းချင်း အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းသင်ကြားရေးနှင့် ကုသရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆေးနှင့်ဆေးနှီးနွှယ်ပညာရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုသည့် အစဉ်အလာဖြစ်ထွန်းစေရန်၊ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုများပေးရာတွင် အထောက်အကူပြုနိုင်စေရန်တို့အတွက် ရည်ရွယ်၍ မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ပထမဆုံးအကြိမ် ကျင်းပရခြင်းဖြစ်သည်။




အဆိုပါနှီးနှောဖလှယ်ပွဲကို ကျန်းမာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးနှင့် သက်ဆိုင်သည့် နယ်ပယ်အသီးသီးမှ ဆေးနှင့် ဆေးနှီးနွှယ်ပညာရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအောက်ရှိ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးပညာရှင်များ၊ အငြိမ်းစားကျန်းမာရေးပညာရှင်များ၊ အငြိမ်းစားတပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ပြင်ပဆရာဝန်များ စသည့် မြန်မာနိုင်ငံရှိ ဆေးပညာရှင်များသာမက အာရှနှင့် အရှေ့တောင်အာရှဒေသတွင်းမှ ဆေးပညာရှင်များလည်း တက်ရောက်ဟောပြော ဆွေးနွေးကြမည်ဖြစ်သည်။

### နှီးနှောဖလှယ်ပွဲအကြိုကာလအနေဖြင့် ဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲများ

မတ်လ ၁၀ ရက်နေ့တွင် နှီးနှောဖလှယ်ပွဲအကြိုကာလအနေဖြင့် ဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲများ (Pre–Conference Workshops) ဖြစ်သော ထိုင်းနိုင်ငံ Mahidol တက္ကသိုလ်မှ Professor Weerasak Muangpaisan ဦးဆောင်ပါဝင်သည့် Geriatric medicine, mild cognitive impairment and dementia အကြောင်းအရာနှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC–II) တွင်လည်းကောင်း၊ စင်ကာပူနိုင်ငံမှ ဆေးပညာရှင် Dr. Tan Soo Yong ဦးဆောင်ပါဝင်သော Pitfalls in Histopathology Diagnosis နှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကို နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကု ဆေးရုံကြီးတွင်လည်းကောင်း၊ High quality CPR and early defibrillation, Emergency management of cardiac arrest patient in hospital setting အကြောင်းအရာနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို အရေးပေါ်အသက်ကယ်သင်တန်းကျောင်း (နေပြည်တော်) တွင်လည်းကောင်း၊ Basic Point–of–Care Ultrasound Training Course ကို နေပြည်တော်ရှိ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီးတွင်လည်းကောင်း၊ Basic Laparoscopy Course ကို နေပြည်တော်ရှိ ကလေးရောဂါအထူးကုဆေးရုံကြီးနှင့် Gastric Cancer Awareness and Gastrectomy အကြောင်းအရာနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) တို့တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

### နှီးနှောဖလှယ်ပွဲ အကြိုကာလအနေဖြင့် ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ

ထို့ပြင် အကြိုနှီးနှောဖလှယ်ပွဲအနေဖြင့် ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ (Pre–Conference Activities) ဖြစ်သည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၊ သံတွဲမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး တို့တွင် ခွဲစိတ်ကုသမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ မျက်စိအတွင်းတိမ်ရောဂါ ခွဲစိတ်ကုသပေးခြင်းများကို နေပြည်တော်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ရှိ မျက်စိအထူးကုဆေးရုံကြီး၊ ပုသိမ်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၅၀၀)၊ မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၅၀၀)၊ မအူပင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၊ စစ်တွေမြို့ရှိ ပြည်သူ့ဆေးရုံကြီးနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ခွဲစိတ်ကုသမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများကို မျက်စိစမ်းသပ်ပေးခြင်းနှင့် မျက်မှန်များ အခမဲ့ပေးဝေခြင်းတို့ကို နေပြည်တော်ရှိ ကျောင်းရစ်ကျောင်းတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

### လုပ်ငန်းကော်မတီများ သတ်မှတ်ထားရှိကာ ဆောင်ရွက်ခြင်း

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော "မြန်မာနိုင်ငံကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Myanmar Health Sciences Conference)" အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ၊ စာပေရေးရာလုပ်ငန်းကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီ၊ ညှိခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေး လုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီနှင့် ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး လုပ်ငန်းကော်မတီစသည့် လုပ်ငန်းကော်မတီများ အသီးသီး ဖွဲ့စည်းထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် လစ်ဟာမှုမရှိအောင် အထူးကြိုးစားဆောင်ရွက်နေကြခြင်းဖြစ်သည်။

### ပြခန်းများခင်းကျင်းပြသခြင်း

ဆေးပညာရပ်ဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဘာသာရပ် Society အစုံပါဝင်သည့် ပြခန်းများနှင့် ဆေးနှင့် ဆေးပစ္စည်း ကုန်သည်ကြီးများ အသင်းမှ ပြခန်းများ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ၎င်းပြခန်းများတွင် မိမိသက်ဆိုင်ရာဘာသာရပ်နှင့် ပတ်သက်သည့် ခေတ်မီစက်ကိရိယာများနှင့် ဆေးဝါးများကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ကျန်းမာရေး ပညာပေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန၏ ပြခန်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆေးပညာရပ်ဆိုင်ရာပြခန်းများ၊ စက်မှုဝန်ကြီးဌာန၏ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်မှုဆိုင်ရာပြခန်းများနှင့် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများ၏ ပြခန်းများလည်း ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်သည်။ အဆိုပါ ပြခန်းများတွင် သက်ဆိုင်ရာဦးစီးဌာနများ၏ စွမ်းဆောင်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ စာအုပ်စာစောင်များ၊ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကို နိုင်ငံတကာအဆင့်မီ အခြေအနေတစ်ရပ်အထိ အောင်မြင်စွာကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ခဲ့မှုများနှင့် အခြားစိတ်ဝင်စားဖွယ် အကြောင်းအရာများကို ဝေဝေဆာဆာဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

### ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်နှင့် သူနာပြုစသည့်ဆေးပညာရှင်များပါဝင်ခြင်း

ယခုကဲ့သို့ ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာဆရာဝန်များနှင့် သူနာပြုများစသည့် ဆေးပညာရှင်များသည် မိမိတို့နှင့်သက်ဆိုင်သောဆေးပညာရပ်များကို ဆွေးနွေးပြောကြားမည်ဖြစ်သည်။ ထို့ပြင် ပြည်ပမှ ဆေးပညာရှင်များကလည်း ၎င်းတို့၏ အတွေ့အကြုံများနှင့် ဆေးပညာရပ်များကို အသီးသီးဆွေးနွေးပြောကြားမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ◆

**"ဆေးပညာရပ်ဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ် Society အစုံပါဝင်သည့် ပြခန်းများနှင့် ဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများအသင်းမှ ပြခန်းများ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ၎င်းပြခန်းများတွင် မိမိသက်ဆိုင်ရာဘာသာရပ်နှင့်ပတ်သက်သည့် ခေတ်မီစက်ကိရိယာများနှင့် ဆေးဝါးများကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ကျန်းမာရေးပညာပေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန၏ ပြခန်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆေးပညာရပ်ဆိုင်ရာပြခန်းများ၊ စက်မှုဝန်ကြီးဌာန၏ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်မှုဆိုင်ရာပြခန်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၏ ပြခန်းများလည်း ပါဝင်ခင်းကျင်းပြသသွားမည်"**

◆ စာမျက်နှာ ၆ မှ

နောင်လာမည့် နှီးနှောဖလှယ်ပွဲများတွင် ဆေးဝါးပညာရှင်များနှင့် ဆေးဘက်ပညာရှင်များ၏ အခန်းကဏ္ဍများပါ ပါဝင်နိုင်အောင် ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

**ကျန်းမာရေးပညာရှင်များအချင်းချင်း အပြန်အလှန်သင်ယူခြင်း/ပူးပေါင်းလုပ်ဆောင်ခြင်း (Interprofessional Education – IPE)**

အရည်အသွေးပြည့်မီသော၊ ကျွမ်းကျင်သောဘွဲ့ရများမွေးထုတ်ရေး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေ့စပ်သေချာသော ရေတိုရေရှည်စီမံကိန်းများ ချမှတ်လုပ်ဆောင်မှု၊ လျောက်ပတ်သင့်လျော်သည့် မဟာဗျူဟာများကျင့်သုံးမှုနှင့် အချိန်/လူ/ပစ္စည်း အရင်းအမြစ်မြှုပ်နှံမှုတို့ လိုအပ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြှင့်တိုးတက်စေရေးအတွက် နည်းလမ်းရှာကြရာတွင် ကျန်းမာရေးပညာရှင်များအချင်းချင်း အပြန်အလှန်သင်ယူမှု (IPE) က နည်းလမ်းတစ်ခုဖြစ်ကြောင်း ယခုအခါ လက်ခံလာကြပြီဖြစ်သည်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် အင်အားချို့တဲ့မှုကို ပြန်လည်ဖြည့်ဆည်းမိရန်၊ လုပ်ငန်းခွင်ရှိ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် စွမ်းဆောင်မှု တိုးတက်မြင့်မားလာစေရန် လုပ်နိုင်သော နည်းလမ်းအဖုံဖုံအနက် တစ်ခုတည်းသော နည်းလမ်းက IPE ကို စတင်လုပ်ဆောင်ခြင်းဖြစ်သည်။ ကျန်းမာရေးပညာရှင်များအချင်းချင်း အပြန်အလှန်သင်ယူမှု (IPE) ကို ကမ္ဘာတစ်ဝန်းလုံး အရှိန်အဟုန်မြှင့် ကြိုးစားလုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။

IPE ကို အဓိပ္ပာယ်ဖွင့်ဆိုရလျှင် ကွဲပြားခြားနားသော ဘာသာရပ်နှစ်ခု သို့မဟုတ် နှစ်ခုအထက် နယ်ပယ်အတွင်းမှ သင်တန်းသားများ တစ်ဦးအကြောင်းကို တစ်ဦးကသင်ယူခြင်း၊ အချင်းချင်း အပြန်အလှန်သင်ယူခြင်း၊ အတူတကွပူးတွဲသင်ယူခြင်းတို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှု ပိုမိုထိရောက်လာခြင်း၊ အချင်းချင်း ပါဝင်ပူးပေါင်းမှု မြင့်မားလာခြင်း၊ ကျန်းမာရေးညွှန်းကိန်းများ/ ရလဒ်များ ပိုမိုကောင်းမွန်တိုးတက်လာခြင်းတို့ ဖြစ်ထွန်းခဲ့ပါက ကျန်းမာရေးပညာရှင်များအကြား သင်ယူခြင်းကိစ္စ ပြီးမြောက်သည်ဟု ဆိုနိုင်သည်။ IPE ဆိုသည်မှာ မတူညီသော ဘာသာရပ်နှစ်ခု သို့မဟုတ် နှစ်ခုအထက် နယ်ပယ်အတွင်း လေ့ကျင့်သင်ယူနေသည့် သင်တန်းသားများနှင့်ရော သင်တန်းဆရာများနှင့်ပါ သက်ဆိုင်သည့်ကိစ္စဖြစ်သည်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အနေဖြင့် အရည်အချင်းပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ် ၁၆ ခု၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၃ ခု ဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲကျင့်သုံးလျက်ရှိသည်။ ဆေးပညာကို အမှန်တကယ် စိတ်ပါဝင်စားသူများကိုသာ ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက်လည်း တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၏ သတ်မှတ်ရမှတ်ပေါင်းတွင် အင်္ဂလိပ်၊ ဓာတုဗေဒနှင့် ဇီဝဗေဒစသည့် ဘာသာရပ် သုံးဘာသာ ရမှတ်ပေါင်း အများ၊ အနည်းအလိုက် ရွေးချယ်ပြီး လူတွေ့နှုတ်ဖြေစာမေးပွဲပြုလုပ်ကာ စိစစ်ရွေးချယ်၍ ဝင်ခွင့်ပြုသည့်စနစ်ကို ၂၀၂၂ ခုနှစ် ပညာသင်နှစ်မှစတင်၍ ကျင့်သုံးနေပြီဖြစ်သည်။ ဆေးပညာသင်ရိုးညွှန်းတမ်းကို နိုင်ငံတကာ အဆင့်အတန်းမီစေရန်အတွက် မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက်သင်ကြားခြင်းစနစ် (Outcome Based Integrated Curriculum) သို့ ပြောင်းလဲသင်ကြားလျက်ရှိပြီး ဆေးပညာရပ်များသာမကဘဲ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာများပါ ထည့်သွင်းသင်ကြားနေသည်။ ကျန်းမာရေးပညာရှင်များအချင်းချင်း အပြန်အလှန်သင်ယူခြင်း (IPE) / ပူးပေါင်းလုပ်ဆောင်ခြင်း (Interprofessional Collaborative Practice– IPCP) တို့ကိုပါ ထည့်သွင်းသင်ကြားပေးနေသည်။ ထို့ကြောင့် အရည်အချင်းပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့်ကိစ္စရပ်များဖြစ်သည့် ကျန်းမာရေးပညာရှင်များအချင်းချင်း အပြန်အလှန်သင်ယူခြင်း (IPE)/ပူးပေါင်းလုပ်ဆောင်ခြင်း (Interprofessional Collaborative Practice– IPCP) နှင့် ပတ်သက်သည့် Symposium ဖြစ်သော **Essential Strategy for Quality Care in Medical Practice** ကို ယခုကျင်းပမည့် နှီးနှောဖလှယ်ပွဲတွင် ထည့်သွင်း ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ (Myanmar Academy of Medical Science) နှင့် စာပေရေးရာ လုပ်ငန်းကော်မတီတို့ ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) "Myanmar Health Sciences Conference (2023)" ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Academic Program ကို မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ (Myanmar Academy of Medical Science) နှင့် စာပေရေးရာ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌဖြစ်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း ဦးဆောင်သော စာပေရေးရာလုပ်ငန်းကော်မတီဝင်များနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များသည် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ရပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် Academic Program ကို အသေးစိတ် စီစဉ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ဆွေးနွေးပွဲ (Symposium) ၄၉ ခုနှင့် ဆေးလက်တွေ့ဆွေးနွေးခြင်းကဏ္ဍ (Clinical Sessions) လေးခု ကျင်းပသွားမည်ဖြစ်ပြီး အာရှနှင့် အရှေ့တောင်အာရှဒေသတွင်းမှ ဆေးပညာရှင်များဖြစ်သော ထိုင်းနိုင်ငံမှ Major General Professor Dr. Ouppatham Supasyndh သည် Role of Calcitriol in the management of Chronic Kidney Disease အကြောင်းအရာ၊ ဂျပန်နိုင်ငံမှ ဆေးပညာရှင် MD Takayuki Inagaki သည် Updates in Neurosurgery အကြောင်းအရာ၊ အိန္ဒိယနိုင်ငံမှ ဆေးပညာရှင် Dr. Sanjay Kalra သည် Basal Insulins: Addressing the Fasting Plasma Glucose Challenge အကြောင်းအရာ၊ စင်ကာပူနိုင်ငံမှ ဆေးပညာရှင် Dr. Tan Soo Yong သည် Challenges in Diagnosis of Lymphoma အကြောင်းအရာ၊ ထိုင်းနိုင်ငံမှ ဆေးပညာရှင် Dr.Taweesak Chotivatanapong သည် IHD: Stable Angina and Long term treatment အကြောင်းအရာ၊ ကိုရီးယားနိုင်ငံမှ ဆေးပညာရှင် Dr. Jieun Choi သည် Approach to the patients with CNS infection and encephalopathy အကြောင်းအရာ၊ ကိုရီးယားနိုင်ငံမှ ဆေးပညာရှင် Dr. Ha Nee Bae သည် Minimally Invasive Implant Treatment အကြောင်းအရာ၊ ကိုရီးယားနိုင်ငံမှ ဆေးပညာရှင် Dr. Hijin You သည် Introduction of Craniofacial Surgery အကြောင်းအရာနှင့် ဂျပန်နိုင်ငံမှ ဆေးပညာရှင် Dr . Naoko Kishi သည် Comprehensive Treatment for Cleft Lip and Palate အကြောင်းအရာ အစရှိသည့် ဟောပြောဆွေးနွေးပွဲများ (Special Talks) ကို MICC–II ရှိ အခန်း (၆) ခန်းတွင် နှစ်ရက်ဆက်တိုက် ကျင်းပသွားမည်ဖြစ်သည်။

**တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂) ရပ်အနက် လူမှုရေးဦးတည်ချက်ဖြစ်သည့် နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေးအတွက် ယခုကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှရရှိမည့် ပညာရပ်ဆိုင်ရာ အတွေ့အကြုံများ၊ ဗဟုသုတများနှင့် နည်းပညာသစ်များကို သေချာစွာ လေ့လာသုံးသပ်ပြီး အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ယခုလိုကျင်းပခြင်းဖြင့် ပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မှုအခြေအနေများ၊ အဆင့်မြင့်ကုသရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ၊ ပြည်သူလူထုကို ဘေးဥပဒ်မဖြစ်စေရေးနှင့် လုံခြုံစိတ်ချရရေးအတွက် ဆောင်ရွက်နေသည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုအခြေအနေများ၊ အသစ်ထပ်မံတွေ့ရှိသော အဆင့်မြင့်ဆေးသုတေသနဆိုင်ရာ တွေ့ရှိချက်လုပ်ငန်းများ၊ တိုင်းရင်းဆေးပညာရပ်များအပါအဝင် ကျန်းမာရေးနှင့် သက်ဆိုင်သော ပြည်သူလူထု အကျိုးပြုလုပ်ငန်းများကို သိရှိနားလည်လာမည်ဖြစ်သည်။ ပြည်သူလူထုအနေဖြင့် လိုက်နာကျင့်သုံးကြမည်ဆိုပါက ပြည်သူများ၏ မျှော်မှန်းသက်တမ်း တိုးတက်မြင့်မားလာမည်ဖြစ်ပြီး လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းစေရေးဆိုသည့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဆောင်ရန်၊ ရှောင်ရန်များကို သိရှိလိုက်နာဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုသည် မိမိတို့၏ ကိုယ်ပိုင်ငွေကြေးစိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ် ပိုမိုသက်သာလာမည်ဖြစ်ပြီး ပြည်သူအားလုံး လက်လှမ်းမီသည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ရပ် ဖြစ်ပေါ်လာမည်ဖြစ်သည်။ ယခုကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှရရှိမည့် အကျိုးကျေးဇူးများကို အသုံးချပြီး ပြည်သူလူထုအား အကောင်းဆုံး ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရုံသာမက နောင်အခါ ထပ်မံကျင်းပမည်ဆိုလျှင် အတွေ့အကြုံကောင်းများရရှိပြီးဖြစ်၍ ဆေးနှင့်ဆေးနှီးနွှယ်ပညာရှင်များအနေဖြင့်တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုသည့် အစဉ်အလာဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်း ရေးသားဂုဏ်ပြုလိုက်ပါသည်။ ။

---

❋ ရှေ့ဖုံးမှ

အငှားအိမ်ရာဖြစ်သည့် အားလျော်စွာ နိုင်ငံတော်အစိုးရပိုင်ဖြစ်သည့်အတွက် နေအိမ်တိုက်ခန်းများအား တိုင်းဒေသကြီးအတွင်းရှိ အိမ်ရာမဝယ်ယူနိုင်သေးသည့် ဝင်ငွေနည်းပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများ၊ အငြိမ်းစားယူရန် နီးကပ်နေသည့် ဝန်ထမ်းများ၊ ဝင်ငွေနည်းကုမ္ပဏီဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေခြင်းဖြစ်သည်။

"ပြည်သူ့အငှားအိမ်ရာစနစ်ဆိုတဲ့အလျောက် အိမ်လခသက်သာစေချင်လို့ ပြည်သူတွေအတွက် နိုင်ငံတော်အစိုးရက အကုန်ကျခံပြီး ပြည်သူ့အငှားအိမ်ရာတွေ တည်ဆောက်နေတာဖြစ်တဲ့အတွက် ဝန်ထမ်းတွေရော သာမန်ပြည်သူတွေပါ ပြည်သူ့အငှားအိမ်ရာ ငှားရမ်းဖို့အတွက် လျှောက်ထားနိုင်ကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့တာဝန်ယူတည်ဆောက်နေတဲ့ အဆောက်အအုံ ၉၇ လုံးမှာ တည်ဆောက်ပြီးစီးသွားတဲ့ အဆောက်အအုံ ၂၇ လုံးကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကို အပ်နှံပြီးပါပြီ"ဟု မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်က ပြောသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်က စီမံကိန်းအတွင်း တည်ဆောက်နေသည့် အဆောက်အအုံ ၉၇ လုံးအနက် အလုံးရေ ၅၆ လုံး ယခုလကုန်ပိုင်းတွင် တည်ဆောက်ပြီးစီးရန် ခန့်မှန်းလျာထားရာ လက်ရှိအဆောက်အအုံ ၉၇ လုံး၏ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။ စီမံကိန်းရှိ မြို့ပြအခြေခံအဆောက်အအုံဖြစ်သော လမ်း၊ အုတ်ရေမြောင်း၊ Box Culvert နှင့် ရေသန့်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၉၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"လျှပ်စစ်လုပ်ငန်းအတွက်ကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ဒါခေါ်ယူပြီး လက်ရှိဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းကို စီမံကိန်းလုပ်ငန်းခွင်အတွင်း တည်ဆောက်နေပြီဖြစ်သလို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ စီမံကိန်းဝင်းအတွင်း နေထိုင် ကြမယ့် ပြည်သူတွေသွားလာရေး အဆင်ပြေစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကော်မတီ(YRTC)က တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်က ပြောသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်း(ရန်ကုန်)သည် ရန်ကုန်မြို့၏ အဓိကကျသော အမှတ်(၂)လမ်းမကြီးနှင့် အမှတ်(၇)လမ်းမကြီး ကြားအချက်အချာကျသည့်နေရာတွင် တည်ရှိနေသည့်အတွက် အနာဂတ်ကာလတွင် ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နေထိုင်ကြမည့်ပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူချောမွေ့စေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း – ပွင့်သစ္စာ၊ ဓာတ်ပုံ – စိုးမြင့်အောင်**

---

## အမှုထမ်းများ အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲ ကျင်းပ

**ပုသိမ် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)၌ အမှုထမ်းများ အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ ပြင်ပကျွမ်းကျင်ပညာရှင်များနှင့် မြို့နယ် ၂၆ မြို့နယ်မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဦးစီးမှူးက ရုံးလုပ်ငန်းများ ကျွမ်းကျင်စေရေး၊ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း စနစ်တကျလေ့လာသင်ယူမှတ်သားရန်၊ သင်တန်းသားများ မိမိအရည်အသွေးအားမြှင့်တင်ကြရန်၊ လုပ်ငန်းခွင်တွင် တာဝန်ကျေပွန်စွာထမ်းဆောင်ကြရန် မှာကြားခဲ့သည်။

အမှုထမ်းများအခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းကို မတ် ၆ ရက်မှ ၂၀ ရက်အထိ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ အငယ်တန်းစာရေးရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော သင်တန်းသား သင်တန်းသူ ၄၀ တို့ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၁၀**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့သွားရောက်၍ကျောင်းသား ကျောင်းသူများ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ အားပေးကြည့်ရှုရာတွင် နေပြည်တော် ကောင်စီနယ်မြေ ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများနှင့် သက်ဆိုင်ရာစာစစ်ဌာနကြီးကြပ်ရေးမှူးများက စာစစ်ဌာနများအလိုက် ဆောင်ရွက်ထားရှိမှု၊ တက္ကသိုလ်ဝင်စာစစ်ဌာနများဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက်အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် စာမေးပွဲစည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်း များနှင့်အညီ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်စွာပြီးဆုံးသည်အထိ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စာမေးပွဲကျင်းပစဉ်ကာလအတွင်း လိုအပ်သည်များနှင့် ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁၄) အခြေခံပညာ အထက်တန်း ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် ကျောင်းပြင်ပများတွင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်ကာ စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေး၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စာစစ်ဌာန စုစုပေါင်း ၃၉ ခု၌ စာမေးပွဲ ဖြေဆိုရန် စုစုပေါင်း ၇၁၁၈ ဦး စာရင်းပေးသွင်းကြပြီး သင်္ချာဘာသာရပ်ကို ၆၄၂၀ ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည်။

တက္ကသိုလ်ဝင် စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်တွင်းစာစစ်ဌာန ၈၅၈ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ငါးခု စုစုပေါင်း ၈၆၃ ခုတို့၌ စာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၉၈၄၃ ဦး စာရင်းပေးသွင်းကြပြီး ၁၆၁၆၃၃ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၈၉ ဒသမ ၈၇ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၁၆၁၆၃၃ ဦးရှိ

**နေပြည်တော် မတ် ၁၀**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ကို ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၃၃ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ငါးခုနှင့် ပြည်တွင်း စာစစ်ဌာန ၈၅၈ ခု စုစုပေါင်း ၈၆၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၇၉၈၄၃ ဦးရှိပြီး စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၃၃ ဦးရှိသဖြင့် ဖြေဆိုသူ ရာခိုင်နှုန်း ၈၉ ဒသမ ၈၇ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

■

**အခြေခံပညာဦးစီးဌာန**

**၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်-သင်္ချာ ရက်စွဲ၊ ၁၀ - ၃ - ၂၀၂၃


| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | ပျက်ကွက် ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၂ | ၁၄၀၈ | ၈၉၁၉ | ၁၀၃၂၇ | ၁၃၆၄ | ၈၁၆၅ | ၉၅၂၉ | ၄၄ | ၇၅၄ | ၇၉၈ | ၉၂.၂၇% | ၇.၇၃% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၂၅၉ | ၇၃၆ | ၉၉၅ | ၂၅၁ | ၆၇၀ | ၉၂၁ | ၈ | ၆၆ | ၇၄ | ၉၂.၅၆% | ၇.၄၄% | |
| ၃ | ကရင် | ၆ | ၇ | ၁၃ | ၆၇၈ | ၂၁၇၃ | ၂၈၅၁ | ၆၂၁ | ၁၉၁၉ | ၂၅၄၀ | ၅၇ | ၂၅၄ | ၃၁၁ | ၈၉.၀၉% | ၁၀.၉၁% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၆၅၁ | ၂၈၁၀ | ၃၄၆၁ | ၅၈၀ | ၂၂၃၆ | ၂၈၁၆ | ၇၁ | ၅၇၄ | ၆၄၅ | ၈၁.၃၆% | ၁၈.၆၄% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၅၂ | ၁၆၆၄ | ၉၈၀၂ | ၁၁၄၆၆ | ၁၅၆၇ | ၈၃၆၃ | ၉၉၃၀ | ၉၇ | ၁၄၃၉ | ၁၅၃၆ | ၈၆.၆၀% | ၁၃.၄၀% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၉ | ၁၁၀၀ | ၃၂၀၃ | ၄၃၀၃ | ၁၀၄၂ | ၂၈၆၃ | ၃၉၀၅ | ၅၈ | ၃၄၀ | ၃၉၈ | ၉၀.၇၅% | ၉.၂၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၂ | ၁၂၇၃ | ၅၇၀၈ | ၆၉၈၁ | ၁၂၂၆ | ၅၀၉၃ | ၆၃၁၉ | ၄၇ | ၆၁၅ | ၆၆၂ | ၉၀.၅၂% | ၉.၄၈% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၃ | ၁၂၀၉ | ၅၄၄၀ | ၆၆၄၉ | ၁၁၆၃ | ၄၉၀၅ | ၆၀၆၈ | ၄၆ | ၅၃၅ | ၅၈၁ | ၉၁.၂၆% | ၈.၇၄% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၇၇၆ | ၁၂၈၈၃ | ၁၃၆၅၉ | ၇၅၉ | ၁၁၆၅၅ | ၁၂၄၁၄ | ၁၇ | ၁၂၂၈ | ၁၂၄၅ | ၉၀.၈၉% | ၉.၁၁% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၃၉၄၈ | ၂၀၀၆၄ | ၂၄၀၁၂ | ၃၈၄၃ | ၁၈၁၉၁ | ၂၂၀၃၄ | ၁၀၅ | ၁၈၇၃ | ၁၉၇၈ | ၉၁.၇၆% | ၈.၂၄% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၁၅၇၇ | ၄၆၄၃ | ၆၂၂၀ | ၁၄၉၃ | ၄၂၇၅ | ၅၇၆၈ | ၈၄ | ၃၆၈ | ၄၅၂ | ၉၂.၇၃% | ၇.၂၇% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၀ | ၄၀၈ | ၁၈၈၈၂ | ၁၉၂၉၀ | ၃၉၁ | ၁၆၄၅၉ | ၁၆၈၅၀ | ၁၇ | ၂၄၂၃ | ၂၄၄၀ | ၈၇.၃၅% | ၁၂.၆၅% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၃ | ၁၈၉၆ | ၂၄၉၁၈ | ၂၆၈၁၄ | ၁၈၆၂ | ၂၁၉၀၂ | ၂၃၇၆၄ | ၃၄ | ၃၀၁၆ | ၃၀၅၀ | ၈၈.၆၃% | ၁၁.၃၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၆ | ၁၈၉၇ | ၆၇၀၈ | ၈၆၀၅ | ၁၈၄၃ | ၅၉၇၄ | ၇၈၁၇ | ၅၄ | ၇၃၄ | ၇၈၈ | ၉၀.၈၄% | ၉.၁၆% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၁၀၂၁ | ၂၆၂၄ | ၃၆၄၅ | ၉၆၆ | ၂၃၄၂ | ၃၃၀၈ | ၅၅ | ၂၈၂ | ၃၃၇ | ၉၀.၇၅% | ၉.၂၅% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၁၅၅ | ၁၁၆၆ | ၁၃၂၁ | ၁၄၉ | ၁၀၁၂ | ၁၁၆၁ | ၆ | ၁၅၄ | ၁၆၀ | ၈၇.၈၉% | ၁၂.၁၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၀၇ | ၇၈၀၆ | ၁၄၃၀၉ | ၂၂၁၁၅ | ၇၃၇၂ | ၁၂၆၈၆ | ၂၀၀၅၈ | ၄၃၄ | ၁၆၂၃ | ၂၀၅၇ | ၉၀.၇၀% | ၉.၃၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၉ | ၂၀၂ | ၆၉၁၆ | ၇၁၁၈ | ၂၀၀ | ၆၂၂၀ | ၆၄၂၀ | ၂ | ၆၉၆ | ၆၉၈ | ၉၀.၁၉% | ၉.၈၁% | |
| ၁၉ | နိုင်ငံခြား | | | ၅ | | ၁၁ | ၁၁ | | ၁၁ | ၁၁ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၄ | ၃၀၉ | ၈၆၃ | ၂၇၉၂၈ | ၁၅၁၉၁၅ | ၁၇၉၈၄၃ | ၂၆၆၉၂ | ၁၃၄၉၄၁ | ၁၆၁၆၃၃ | ၁၂၃၆ | ၁၆၉၇၄ | ၁၈၂၁၀ | ၈၉.၈၇% | ၁၀.၁၃% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃) အကြိုအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ

**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)၏ အကြိုအစီအစဉ်များအဖြစ် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပရာ ကျင်းပရေး ဦးစီးကော်မတီနာယက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းနှင့် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းတို့ တက်ရောက် အားပေးသည်။



နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြား ရေးမှူးချုပ်များ ပါဝင်သောအဖွဲ့သည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ မြန်မာနိုင်ငံ အစာအိမ်နှင့်အူသိမ်လမ်းကြောင်းခွဲစိတ်ကုပညာ အဖွဲ့ကဦးဆောင်၍ ကျင်းပသော Gastric Cancer Awareness and Gastrectomy သို့ သွားရောက်၍ Modular Operation Theatre ၌ လက်တွေ့သင်ကြား မှုများကို ကြည့်ရှုအားပေးကာ သင်တန်းဆရာများ အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်ထောင်စု ဝန်ကြီးက ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ပါမောက္ခဒေါက်တာသန်းဝင်းညွန့်က Chairperson အဖြစ်ဆောင်ရွက်သည့် Workshop on Mild Cognitive Impairment and Dementia (မှတ်ဉာဏ်ချို့ယွင်းမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ)သို့ တက်ရောက်အားပေးကာ Speaker ဖြစ်သည့် ထိုင်းနိုင်ငံ၊ Mahidol University, Department of Preventive and Social Medicine မှ Professor Weerasak Muangpaisan, Geriatric Medicine ကိုဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင် ပစ္စည်းပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သင်ကြားရေးခန်းမ၌ စင်ကာပူနိုင်ငံ National University of Singapore မှ Head of Department of Pathology, Professor Tan Soo Young က Speaker အဖြစ်ကျင်းပသည့် Workshop on Pitfalls in Histopathology Laboratory Diagnosis သို့ တက်ရောက်အားပေး၍ ဒုတိယဝန်ကြီး က Professor Tan Soo Young ကိုဂုဏ်ပြုမှတ်တမ်း လွှာပေးအပ်ခဲ့ပြီး နေပြည်တော် အရေးပေါ် အသက် ကယ်သင်တန်းဌာန၌ ကျင်းပသည့် Workshop on High Quality CPR & Early defibrillation and Emergency Management of Cardiac Arrest Patients in hospital setting ၌ တက်ရောက်နေကြ သော သင်တန်းသား ၅၃ ဦးတို့ကို အရေးပေါ် အသက် ကယ်ခြင်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို Model များ၊ အထောက်အကူပြုပစ္စည်းများနှင့် လက်တွေ့သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ သင်တန်းဆရာများဖြစ်သော အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူးများ၊ အထူးကု ဆရာဝန်များ၊ သူနာပြုများအား ဂုဏ်ပြုမှတ်တမ်းလွှာ များ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလေးရောဂါအထူးကုဆေးရုံကြီး-နေပြည်တော်၌ ကျင်းပသည့် Basic Laparoscopic Technique Workshop သို့ သွားရောက်၍ ဝမ်းဗိုက်မဖွင့်ရဘဲ Laparoscopy စက်ဖြင့် ခွဲစိတ်ကုသမှုကို လက်တွေ့ သင်ကြားဆွေးနွေးမှုများကိုလည်းကောင်း၊ သားဖွား မီးယပ်ရောဂါအထူးကုဆေးရုံကြီး-နေပြည်တော်၌ ကျင်းပသည့် Point-of-care Ultrasound Workshop သို့လည်းကောင်း သွားရောက်၍ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြည်သူ့ဆေးရုံများမှ မြို့နယ်ကုသရေးဦးစီးဌာနမှူးများ၊ တိုက်နယ်ဆရာ ဝန်များအား Ultrasound လက်တွေ့သင်ကြားပေး နေမှုများကို ကြည့်ရှုအားပေးပြီး သင်တန်းဆရာများ ဖြစ်သော ခွဲစိတ်ကုပညာဌာနနှင့် ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ/ ဌာနမှူးများနှင့် အထူးကုဆရာဝန်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာတွဲအား ကျောင်းသား ကျောင်းသူ ၂၃၇၆၄ ဦးဖြေဆိုခဲ့

**ရန်ကုန် မတ် ၁၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာ ဘာသာရပ်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူ ၂၃၇၆၄ ဦး ဖြေဆိုခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး အတွင်း ရှိ စာစစ်ဌာန ၈၃ ခုတွင် မြန်မာစာ ဘာသာရပ်၌ ၂၃၈၀၇ ဦး၊ အင်္ဂလိပ် စာဘာသာရပ်၌ ၂၃၇၇၅ ဦးတို့ ဖြေဆိုခဲ့ပြီး ယနေ့ သင်္ချာဘာသာ ရပ်၌ အမြင်အာရုံမသန်စွမ်းသူ ခုနစ်ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းသူ ရှစ် ဦး၊ ဆေးရုံတက်ရောက်ဖြေဆို သူ ခြောက်ဦးနှင့် အကျဉ်းဦးစီးမှ ၁၀ ဦး အပါအဝင် ၂၃၇၆၄ ဦးတို့ ဖြေဆိုခဲ့သည်။

တိုင်းဒေသကြီး အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေ ကြသည့် ကျောင်းသား ကျောင်းသူ များ စိတ်အေးချမ်းသာစွာ ဖြေဆို နိုင်ရန် ကျောင်းဝင်းအတွင်းနှင့် ကျောင်းပြင်ပတို့တွင် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ ဝင်များ၊ ကြက်ခြေနီအဖွဲ့များနှင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိပြီး တာဝန်ရှိသူများက နေ့စဉ်ကြည့်ရှု အားပေးလျက်ရှိကြောင်း သိရ သည်။

**ညိမ်းသူ(သတင်းစဉ် )**

**ဓာတ်ပုံ - ကနူး**

## (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် မတ် ၁၀**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး၍ ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှထွက်ရှိသည့် ပုလဲ အတွဲ ၂၉၅ တွဲ၊ ကျောက်မျက်အတွဲ ၁၂၀ နှင့် ကျောက်စိမ်းအတွဲ ၂၁၅၀ ကို ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက် ရှိသည့် နိုင်ငံသား ကျောက်မျက်လုပ်ငန်းရှင်များနှင့် လိုင်စင်ရယူ၍ ကျောက်မျက်အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူ ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက် ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲများ ကြည့်ရှုစစ်ဆေးခြင်းကို မတ် ၁၇ ရက်နှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို မတ် ၁၈ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ကျောက်မျက်အတွဲများ ကြည့်ရှု စစ်ဆေးခြင်းကို မတ် ၁၇ ရက်မှ ၁၉ ရက်နှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို မတ် ၂၀ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲ များ ကြည့်ရှုစစ်ဆေးခြင်းကို မတ် ၁၇ ရက်မှ ၂၀ ရက်နှင့် အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို မတ် ၂၁ ရက်မှ ၂၃ ရက် အထိ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတက်ရောက်ဝယ်ယူခွင့် ကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**အောင်မင်းဟန်**

## သထုံခရိုင်၌ မြန်မာ့ရိုးရာအခြေခံ ခြင်းလုံးသင်တန်းဖွင့်

**သထုံ မတ် ၁၀**

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ လူထု အခြေပြု ဗဟိုဌာနခန်းမတွင် ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် အားကစားနှင့်ကာယ ပညာဦးစီးဌာနတို့ ပူးပေါင်းကာ နွေရာသီ မြန်မာ့ရိုးရာ အခြေခံ ခြင်းလုံးသင်တန်းဖွင့်ပွဲ ကျင်းပ သည်။



သင်တန်းဖွင့်ပွဲတွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လက်ထောက် ညွှန်ကြား ရေးမှူး ဒေါ်လှလှဌေးက အမှာစကားပြောကြားသည်။

### ဆွေးနွေးပြောကြား

ယင်းနောက် ခရိုင်အားကစား နှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်မိုးမိုးဝင်းက သထုံခရိုင်အတွင်း လူငယ်များ ဘက်စုံဖွံ့ဖြိုးရေး နွေရာသီ အားစားသင်တန်း ဖွင့်လှစ်ပေးနေမှုများကို ရှင်းလင်း ပြောကြားပြီး ခရိုင်ခြင်းလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်း က ရိုးရာခြင်းပညာရပ်ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နေမှု များနှင့် အခြေခံအဆင့်မှသည် နိုင်ငံ့လက်ရွေးစင်ဖြစ်သည်အထိ ကြိုးပမ်း ဆောင်ရွက်စေရေး ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်း တွင် အခြေခံမြန်မာ့ခြင်းလုံးပညာ များဖြစ်သည့် ရှေ့ခြေဖျား၊ ရှေ့ ခြေခွင်၊ ရှေ့ဒူး၊ ဘေးဖဝါး၊ ဘေး ဖနောင့်၊ ဘေးဖမျက် အခြေခံအထိ ခြောက်ချက်တို့ကို စနစ်တကျ အခမဲ့ သင်ကြားပေးသွားမည် ဖြစ်ကာ မတ် ၉ ရက်မှ ၁၈ ရက် အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ ထုတ်ပြန်

**(ယမန်နေ့မှ အဆက်)**

(ခ) အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအား ဥပဒေမဲ့အဖျက်အမှောင့် ပြုလုပ်မှုများအား ကာကွယ်ရေးအတွက် လုံခြုံမှုဆိုင်ရာနောက်ဆက်တွဲအမှတ် ၁၇ ပြဋ္ဌာန်းချက်တို့နှင့်အညီ အောက်ဖော်ပြပါ မြို့ပြလေကြောင်း လုံခြုံရေးအစီအစဉ်များကို ရေးဆွဲတင်ပြစေရန်နှင့် ထိုအစီအစဉ်များတွင် ဥပဒေမဲ့အဖျက်အမှောင့်ပြုလုပ်မှုများအား ကြိုတင်ကာကွယ်ခြင်း၊ ပြုလုပ်လာပါက တုံ့ပြန်ဆောင်ရွက်ခြင်း စသည့်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ (Standard Operating Procedure-SOP)နှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်နာဆောင်ရွက်စေရေးနှင့် အနီးကပ်ကြီးကြပ်ရေးတို့အတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအား တာဝန်ပေးရမည် -

(၁) အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေး အစီအစဉ်၊

(၂) အမျိုးသားမြို့ပြလေကြောင်းအရည်အသွေးထိန်းချုပ်မှု အစီအစဉ်၊

(၃) အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလေ့ကျင့်မှု အစီအစဉ်။

(ဂ) နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ရေးဆွဲချမှတ်ထားသော မြို့ပြလေကြောင်းနှင့် လေဆိပ်များလုံခြုံရေးဆိုင်ရာအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လေကြောင်းလိုင်းပိုင်ရှင်များ၊ လေဆိပ်နှင့် လေကြောင်းပို့ဆောင်ရေးဆိုင်ရာ အော်ပရေတာများ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်နေသူများ၊ လေဆိပ်အာဏာပိုင်များ၊ လေဆိပ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်းကောင်း၊ လိုအပ်ပါက တပ်မတော်တပ်ဖွဲ့ဝင်များကိုလည်းကောင်း တာဝန်ပေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

၂၉။ သက်ဆိုင်ရာ လေကြောင်းလိုင်းပိုင်ရှင်များ၊ လေဆိပ်နှင့် လေကြောင်းပို့ဆောင်ရေးဆိုင်ရာ အော်ပရေတာများ၊ လေဆိပ်အာဏာပိုင်များနှင့် လေဆိပ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ချမှတ်ထားသော မြို့ပြလေကြောင်းနှင့် လေဆိပ်များလုံခြုံရေးဆိုင်ရာ အစီအစဉ်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည် -

(က) လေဆိပ်နှင့် လေဆိပ်ပတ်ဝန်းကျင်တွင် ကန့်သတ်နယ်မြေများ သတ်မှတ်၍ အထူးလုံခြုံရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) လေဆိပ်ကန့်သတ်နယ်မြေအတွင်း ဝင်ခွင့်ထွက်ခွင့် ကတ်ပြားစနစ်နှင့် လေဆိပ်သို့ ဝင်ထွက်သည့် ဧည့်ကတ်ပြားစနစ်ထားရှိခြင်း၊

(ဂ) လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းကို ၂၄ နာရီပတ်လုံး စနစ်တကျ အလှည့်ကျဂရုစိုက်၍ ဆောင်ရွက်စေခြင်း၊

(ဃ) လေဆိပ်နှင့် လေကြောင်းဝန်ဆောင်မှုပေးသူများအား လုံခြုံရေးကတ်ပြားစနစ်ဖြင့် ဆောင်ရွက်စေခြင်း၊

(င) လေဆိပ်ပရိဝုဏ်အတွင်း လုံခြုံရေးကင်မရာများ တပ်ဆင်၍ ကြီးကြပ်ထိန်းချုပ်ခြင်း၊

(စ) လေကြောင်းဖြင့် သယ်ယူပို့ဆောင်မည့် အောက်ဖော်ပြပါ လူနှင့်ကုန်စည်များကို စစ်ဆေးရှာဖွေရေးကိရိယာများဖြင့် စစ်ဆေးရှာဖွေခြင်း -

(၁) လေယာဉ်ပေါ်တက်ခွင့်လက်မှတ်နှင့်အတူ ခရီးသည်များ၊

(၂) စိစစ်ရေးကတ်ပြားနှင့်အတူ လေယာဉ်ဝန်ထမ်းများ၊

(၃) ခရီးသည်နှင့်အတူပါသော ဝန်စည်စလယ်နှင့် လက်ဆွဲအိတ်များ၊

(၄) ခရီးသည်နှင့်အတူမပါသော ပစ္စည်းများ၊ ချောထုတ်များ။

(ဆ) လေယာဉ်တင် အစားအသောက်များကို အသိအမှတ်ပြုအော်ပရေတာ၏ လုံခြုံရေးအစီအစဉ်ဖြင့် ဆောင်ရွက်စေခြင်း၊

(ဇ) လေယာဉ်တင် ကုန်စည်၊ ဝန်ဆောင်မှုပစ္စည်း၊ အထူးပါဆယ်နှင့် ချောစာများကို အသိအမှတ်ပြုကုန်စည်ပို့ဆောင်သူက တာဝန်ယူ၍ တင်ပို့စေခြင်း၊

(ဈ) လေဆိပ်နှင့် လေကြောင်းလုံခြုံရေး အရာရှိများ၊ စစ်ဆေးရှာဖွေရေး အရာရှိများကို ကျွမ်းကျင်မှုလေ့ကျင့်သင်တန်းများပေးပြီးမှ လုပ်ငန်းဆောင်ရွက်စေခြင်း၊ ထိုအရာရှိများက လုံခြုံရေးဆောင်ရွက်ရာတွင် လိုအပ်ပါက ရဲတပ်ဖွဲ့ဝင်များ၏ အကူအညီတောင်းခံ၍ ဆောင်ရွက်ခြင်း၊

(ည) စစ်ဆေးရှာဖွေခြင်းကို ငြင်းဆန်သူအား လေဆိပ်အတွင်းဝင်ရောက်ခြင်းကို တားမြစ်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်သူအား ဝင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် ငြင်းပယ်ခံရသူက အတင်းအကျပ်ဝင်ရောက်ရန် ကြိုးစားပါက လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ခြင်း၊

(ဋ) တားမြစ်ကန့်သတ်ထားသော ပစ္စည်းများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူနိုင်ရန် သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ အကြောင်းကြားပြီး ထိုပစ္စည်းများကို အပ်နှံခြင်း၊

(ဌ) တရားဝင်ကိုင်ဆောင်ခွင့်ရှိသည့် လက်နက်၊ ခဲယမ်းများကို ခရီးသည်နှင့်အတူ သယ်ဆောင်ခွင့်မပြုဘဲ လေယာဉ်ဝန်ထမ်းက တာဝန်ယူထိန်းသိမ်းထားခြင်း၊

(ဍ) တားမြစ်ထားသော လက်နက်၊ ခဲယမ်းများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် မီးလောင်လွယ်သောပစ္စည်းများတွေ့ရှိပါက သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ထံ ချက်ချင်းအကြောင်းကြားပြီး အပ်နှံခြင်း၊

(ဎ) နိုင်ငံတော်အတွင်း ဝင်ရောက်ခွင့်မပြုသည့် ပုဂ္ဂိုလ်များအား ဝင်ခွင့်မပြုဘဲ ပြန်လည်ထွက်ခွာစေခြင်း၊

(ဏ) နည်းဥပဒေခွဲ (ဍ)နှင့် (ဎ)တို့ပါ ကိစ္စများကို တာဝန်အရဆောင်ရွက်ရာတွင် သက်ဆိုင်ရာလေကြောင်းလိုင်းအော်ပရေတာ၊ လေဆိပ်အော်ပရေတာနှင့် လေဆိပ်အာဏာပိုင်တို့ မပါရှိလျှင် ထိုကိစ္စကို ယင်းတို့ထံသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(တ) လေယာဉ်ပေါ်တွင် အနှောင့်အယှက်ပြုမှု၊ စည်းကမ်းမဲ့မှုများအား တားဆီးအရေးယူခြင်း၊

(ထ) လေယာဉ်ပေါ်တွင် ပျံသန်းရေးပစ္စည်းကိရိယာတစ်ခုခုအား ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်းတို့ကို တည်ဆဲဥပဒေများအရ အရေးယူခြင်း၊

(ဒ) မီးလောင်လွယ်သောပစ္စည်းနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အရည်၊ ဓာတ်ငွေ့ရည်နှင့် ဂျဲလ်များ၊ အခါအားလျော်စွာ လေဆိပ်အာဏာပိုင်အဖွဲ့က တားမြစ်ကန့်သတ်ထားသော ပစ္စည်းများအား လေယာဉ်ပေါ်တွင် သယ်ဆောင်ခြင်းမပြုရန် တားမြစ်ခြင်း၊

(ဓ) လေဆိပ်နှင့် မြို့ပြလေကြောင်းလုံခြုံရေးနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးတို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အကူအညီတောင်းခံခြင်းနှင့် လိုအပ်ပါက တပ်မတော်၏အကူအညီ ရယူဆောင်ရွက်ခြင်း၊

(န) လေဆိပ်နှင့် မြို့ပြလေကြောင်းပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းကို ဥပဒေမဲ့အနှောင့်အယှက်ပြုလုပ်မှုများအား ကာကွယ်ရေးအတွက် လုံခြုံမှုဆိုင်ရာ နောက်ဆက်တွဲအမှတ် ၁၇ နှင့်အညီ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများပါ အခြားပြဋ္ဌာန်းချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ခြင်း။

၃၀။ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသည် လေဆိပ်လုံခြုံရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လေဆိပ်အာဏာပိုင်များ၊ လေကြောင်းနှင့် လေဆိပ်လုပ်ငန်း ဝန်ဆောင်မှုပေးသူများနှင့် ညှိနှိုင်းပြီး အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) လေယာဉ်ဝန်ဆောင်မှုပေးချိန်၌ သူတစ်ဦးဦးကို သေစေခြင်း၊ အပြင်းအထန်နာကျင်စေခြင်း ဖြစ်စေသည့် သို့မဟုတ် အခြေခံအဆောက်အအုံများ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကဲ့သို့ အလားတူ ပစ္စည်းကိရိယာများ၊ အရာဝတ္ထုများ၊ ဆက်စပ်ပစ္စည်းများနှင့်စပ်လျဉ်း၍ လေဆိပ်နှင့် လေယာဉ်ပျံသန်းချိန်တွင် အသုံးပြုမှု၊ သယ်ဆောင်မှု၊ လေယာဉ်ပေါ်မှစွန့်ပစ်မှု သို့မဟုတ် ပစ်ချမှုမရှိစေရေးအတွက် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများ စသည့် အဆိုပါပစ္စည်းကိရိယာများ၊ အရာဝတ္ထုများနှင့် ဆက်စပ်ပစ္စည်းများကို စုံစမ်းထောက်လှမ်းသည့် စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ တပ်ဆင်အသုံးပြုခြင်း၊ စုံစမ်းဖော်ထုတ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား နည်းပညာနှင့် ကျွမ်းကျင်မှုလေ့ကျင့်သင်တန်းပို့ချပေးခြင်း၊

(ခ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ စသည့် အဆိုပါပစ္စည်းကိရိယာများနှင့် အရာဝတ္ထုများအား ဘေးအန္တရာယ်မဖြစ်ပေါ်စေဘဲ စနစ်တကျ ထိန်းသိမ်းထားနိုင်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ (Standard Operating Procedure-SOP)ကို သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား သင်တန်းပို့ချလေ့ကျင့်ခြင်း၊

(ဂ) လေယာဉ်ဝန်ဆောင်မှုပေးချိန်၌ လေဆိပ်နှင့် လေယာဉ်အား ထိခိုက်ပျက်စီးစေမှု ဖြစ်ပွားသည့်အခါ ကူညီကယ်ဆယ်ကုသရန် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ စသည့် အဆိုပါပစ္စည်းကိရိယာများနှင့် အရာဝတ္ထုများအား ညစ်ညမ်းမှုသန့်စင်ရေး(Decontamination)အတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များအား သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား နားလည်တတ်ကျွမ်းလိုက်နာစေရန် သင်ကြားပို့ချလေ့ကျင့်ခြင်း၊

(ဃ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ စသည့် အဆိုပါပစ္စည်းကိရိယာများနှင့် အရာဝတ္ထုများအား ထုတ်လုပ်ရန် အရင်းအမြစ်ပစ္စည်းများ၊ ပုံစံထုတ်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုလုပ်ရာတွင် အသုံးပြုသည့် နည်းပညာနှင့် ဆက်စပ်သည့်ဆော့ဝဲလ်များ သို့မဟုတ် အလားတူပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုကို လေယာဉ်ဖြင့် သယ်ယူပို့ဆောင်မှု၊ သယ်ယူပို့ဆောင်စေမှု သို့မဟုတ် သယ်ယူပို့ဆောင်မှုအတွက် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးမှုများအား တားဆီးနိုင်ရေးအတွက် နိုင်ငံတကာသဘောတူညီချက်များအတိုင်း ဆောင်ရွက်စေခြင်း၊ လေဆိပ်များတွင် တာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များအား ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများဆိုင်ရာ အခြေခံသဘောတရားများအား လေ့ကျင့်သင်ကြားပေးခြင်း၊ နည်းပညာကျွမ်းကျင်မှုနှင့် လိုအပ်သောကိရိယာများ၊ ကာကွယ်ရေးဝတ်စုံများအား ဖြည့်ဆည်းပေးခြင်း စသည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်း။

၃၁။ နိုင်ငံတော်၏ ကာကွယ်ရေးနှင့်လုံခြုံရေးအတွက်ဖြစ်စေ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက်ဖြစ်စေ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသော သုတေသနပြုလုပ်ခြင်း၊ ဆေးဘက်ဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုခြင်း၊ နည်းပညာနှင့်ဆော့ဝဲလ်များ သုတေသနပြုလုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ယင်းတို့ကိုဆောင်ရွက်ရန် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုဆိုင်ရာ အကြမ်းဖက်မှုများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၂။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြို့ပြလေကြောင်းလုံခြုံရေးအတွက် အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်အရ ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းတာဝန်များကိုပါ ဆောင်ရွက်ရမည်-

(က) မြို့ပြလေကြောင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများအပေါ် ပြစ်မှုကျူးလွန်ခြင်းများအား တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းဖော်ထုတ်ခြင်း၊

(ခ) လေဆိပ်အဆောက်အအုံနေရာများအား ပုံမှန်စောင့်ကြည့်ခြင်းနှင့် ကင်းလှည့်စစ်ဆေးခြင်း၊

(ဂ) လေယာဉ်ဆိုက်ရောက်သည့် ခရီးသည်များနှင့် ထွက်ခွာသည့်ခရီးသည်များတွင် မြို့ပြလေကြောင်းနှင့် လေဆိပ်ကို ခြိမ်းခြောက်မှုအန္တရာယ်ပြုနိုင်မည့်သူများအား စောင့်ကြည့်ခြင်း၊

(ဃ) လေယာဉ်အပိုင်စီးခြင်း၊ အဖျက်အမှောင့်ပြုလုပ်ခြင်း၊ ဗုံး သို့မဟုတ် ပေါက်ကွဲစေသော ပစ္စည်းဖြင့် အခြားခြိမ်းခြောက်မှုများပြုလုပ်ခြင်း၊ မြေပြင်တွင် ဖြစ်ပေါ်လာသည့် တိုက်ခိုက်ခြင်းများနှင့် လူစုလူဝေးဆူပူအုံကြွခြင်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိန်းချုပ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခြင်း၊

**စာမျက်နှာ ၁၁ သို့** ☆

☆ စာမျက်နှာ ၁၀ မှ

(င) အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့၊ ခရီးစာခံညှိနှိုင်းရေးအဖွဲ့နှင့် ဗုံးရှင်းလင်းရေးအဖွဲ့ စသည့် အထူးလုံခြုံရေးအဖွဲ့များဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် လုံခြုံရေးအရေးပေါ် ဖြစ်စဉ်များ၌ လျှပ်တစ်ပြက်ဝင်ရောက်စီးနင်းမှုပြု၍ အကြမ်းဖက်သမားများအား ချေမှုန်းခြင်း၊

(ဆ) လေဆိပ်နှင့်လေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လုံခြုံရေးတပ်ဖွဲ့က တားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် တားဆီးနှိမ်နင်းရေးဇာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်ခြင်း၊

(ဇ) လေယာဉ်ပျံသန်းစဉ် လုံခြုံရေးလိုက်ပါဆောင်ရွက်ခြင်း။

၃၃။ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီက လိုအပ်၍ အကူအညီတောင်းခံလာခဲ့လျှင် တပ်မတော်တပ်ဖွဲ့ဝင်များသည် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်-

(က) လေဆိပ်များတွင် လက်နက်အင်အားသုံး၍ ကင်းလှည့်ခြင်း၊ ချေမှုန်းခြင်း၊ အခြားလက်နက်ကိုင်တပ်ဖွဲ့အား အကူအညီပေးရေးလုပ်ငန်းများနှင့် တားဆီးချေမှုန်းခြင်းဆိုင်ရာ အထူးပြုသင်တန်းများ လေ့ကျင့်သင်ကြားခြင်း၊

(ခ) တပ်မတော်အနေဖြင့် မြို့ပြလေကြောင်းလေဆိပ်၏ လေကြောင်းသွားလာမှုဆိုင်ရာများအား ပူးတွဲအသုံးပြုနေခဲ့လျှင် သို့မဟုတ် တပ်မတော်၏ နယ်နိမိတ်တွင် အထက်ဖော်ပြပါ လေကြောင်းသွားလာမှုဆိုင်ရာများနှင့် ဆက်စပ်တည်ရှိနေလျှင် ဝင်ထွက်သွားလာမှုထိန်းချုပ်ခြင်းနှင့် အခြားလုံခြုံရေးလုပ်ငန်းစဉ်များအား တာဝန်ယူဆောင်ရွက်ခြင်း၊

(ဂ) မြို့ပြလေကြောင်းအပေါ် ကျရောက်လာနိုင်သည့် ခြိမ်းခြောက်မှုအန္တရာယ် တွက်ဆခြင်းနှင့် ရရှိလာသောသတင်းအား လိုအပ်သလိုဖြန့်ဝေခြင်း၊

(ဃ) ဗုံးရှာဖွေခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လေဆိပ်ပရိဝုဏ်နှင့် အခြားလေဆိပ်အဆောက်အအုံ နယ်မြေများအား ကင်းလှည့်စောင့်ကြပ်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊

(စ) လေယာဉ်အပိုင်စီးခြင်းနှင့် အဖျက်အမှောင့်လုပ်ရပ်များ၊ ဗုံး သို့မဟုတ် ပေါက်ကွဲစေသော ပစ္စည်းဖြင့် အခြားခြိမ်းခြောက်မှု အန္တရာယ်များကိုလည်းကောင်း၊ မြေပြင်တိုက်ခိုက်မှုများနှင့် လူစုလူဝေးဖြင့် ဆူပူအုံကြွမှုများနှင့်ပတ်သက်သည့် အရေးပေါ်လုံခြုံရေး အခြေအနေများကိုလည်းကောင်း ထိန်းချုပ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) လေဆိပ်များတွင်ဖြစ်ပေါ်သည့် အရေးပေါ်လုံခြုံရေး အခြေအနေများတွင် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အင်အားသုံးချေမှုန်းခြင်း စသည့်တာဝန်များ ထမ်းဆောင်ခြင်း။

## အခန်း (၆)

## အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအပေါ် ကျူးလွန်မှုများကို တားဆီးနှိမ်နင်းခြင်း

၃၄။ နိုင်ငံတော်အတွင်း အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအား အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ-

(က) အကြမ်းဖက်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) စာချုပ်ဝင်နိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်၍ အဆိုပါအကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ပြုရမည်။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ)တို့အရ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ အစီရင်ခံရမည်။

၃၅။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ သံတမန်အဖွဲ့ဝင်များနှင့် သံတမန်အဖွဲ့အမှုထမ်းစုတွင် ပါဝင်သူများ၊ သံတမန်အမှုထမ်းစုတွင် ပါဝင်သူများ၏ အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များရရှိအောင် ဆောင်ရွက်ပေးရေးနှင့် ၎င်းတို့အား အကြမ်းဖက်မှုများမရှိစေရန် အကာအကွယ်ပေးရေးအတွက် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား အသိပညာပေးရန်နှင့် လေ့ကျင့်သင်တန်းများပေးရန် စီစဉ်ဆောင်ရွက်ရမည်။

၃၆။ (က) နိုင်ငံခြားရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များ နိုင်ငံတော်သို့ တရားဝင်ခရီးစဉ်ဖြင့် လာရောက်ခြင်းနှင့် ဖြတ်သန်းခြင်းတို့ ပြုလုပ်ပါက ၎င်းတို့အပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၅ ပါ အကြမ်းဖက်သည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်းမရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြလျက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ ဆက်သွယ်ညှိနှိုင်း၍ အောက်ပါအချက်များ ဖော်ပြပြီး အကြောင်းကြားရမည်-

(၁) အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်အမည်နှင့် နိုင်ငံသား၊

(၂) နိုင်ငံကူးလက်မှတ်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ၊

(၃) နိုင်ငံတော်အတွင်းသို့ ဝင်ရောက်နေထိုင်မည့် သို့မဟုတ် ဖြတ်သန်းမည့် ဒေသနှင့် အချိန်ကာလ၊

(၄) နိုင်ငံတော်အတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် ဖြတ်သန်းခြင်းပြုမည့်အကြောင်းကိစ္စများ။

(ခ) အခြားပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း ၎င်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များ လာရောက်သည့်အခါ အလားတူဆောင်ရွက်ရမည်။

၃၇။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များ နိုင်ငံတော်အတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် ဖြတ်သန်းခြင်းပြုကြောင်း နည်းဥပဒေ ၃၆ အရ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြောင်းကြားချက်အရ သိရှိလျှင်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်သိရှိလျှင်ဖြစ်စေ ၎င်းတို့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၅ ပါ အကြမ်းဖက်သည့် ပြစ်မှုတစ်ခုခုကိုကျူးလွန်ခြင်းမရှိစေရေး၊ လိုအပ်သော အကာအကွယ်များပေးရေး၊ အကြမ်းဖက်မှုဖြစ်ပွားလာပါက တားဆီးနှိမ်နင်းရေးနှင့် အကြမ်းဖက်သမားများအား အရေးယူရေးတို့အတွက် ဗဟိုအဖွဲ့သို့တင်ပြ၍ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီမှ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား တာဝန်ပေးရမည်။

၃၈။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည်-

(က) အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၅ ပါ အကြမ်းဖက်သည့်ပြစ်မှုတစ်ခုခုကို ကျူးလွန်လာပါက လိုအပ်သော လက်နက်အင်အားနှင့် တပ်ဖွဲ့ဝင်အင်အားကိုအသုံးပြု၍ တားဆီးနှိမ်နင်းခြင်းနှင့် ချေမှုန်းခြင်းတို့ပြုပြီး အကြမ်းဖက်သမားများအား လိုအပ်သော အရေးယူမှုများ ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ(က)ပါ ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီများသို့ အစီရင်ခံရမည်။

၃၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီတို့သည် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအား အကြမ်းဖက်မှုမခံရစေရန် အကာအကွယ်ပေးခြင်း၊ တားဆီးနှိမ်နင်းခြင်း၊ ချေမှုန်းခြင်း၊ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

## အခန်း (၇)

## ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းမှုများကို တားဆီးနှိမ်နင်းခြင်း

၄၀။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် -

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ ပါ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် အကြမ်းဖက်ကျူးလွန်သောပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် လိုအပ်သော လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ချမှတ်ထားသော လုပ်ငန်းအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား တာဝန်ပေးပြီး ၎င်းတို့၏ ဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

(ဂ) စာချုပ်ဝင်နိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်၍ အဆိုပါ အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုရမည်။

(ဃ) နည်းဥပဒေခွဲ(က)၊ (ခ)နှင့် (ဂ)တို့အရ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ဆောလျင်စွာ အစီရင်ခံရမည်။

၄၁။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် -

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ တွင် ပါရှိသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုများအပါအဝင် အကြမ်းဖက်သည့် ပြစ်မှုများအား တားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ သတ်မှတ်ထားသည့်ပြစ်မှုနှင့် ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ ကျောင်းသား၊ ကျောင်းသူများ၊ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များ အပါအဝင် ပြည်သူလူထု သိရှိနားလည်စေရေးအတွက် စာသင်ကျောင်းများတွင်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာများတွင်လည်းကောင်း လှည့်လည်၍အသိပညာပေးခြင်း၊ ဆွေးနွေးဟောပြောပွဲများ ကျင်းပပေးခြင်းတို့ပြုနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်သမားများ၏ ဝါဒဖြန့်မှုများအပေါ် ပြည်သူများနားလည်မှုမလွဲမှားစေရန် သတင်းအချက်အလက်အမှန်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်သတင်း ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်များ၊ သတင်းစာ၊ ဂျာနယ်နှင့် လက်ကမ်းစာစောင်များမှတစ်ဆင့် အများပြည်သူသို့ ထုတ်ပြန်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုများအပါအဝင် အကြမ်းဖက်သည့် ပြစ်မှုတစ်ခုခု ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဖွယ်ရာရှိကြောင်း မိမိအမာခံများမှတစ်ဆင့် ခိုင်လုံသော သတင်းရရှိပါက သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ ကြိုတင်တားဆီးနှိမ်နင်းရေး၊ ဓားစာခံများလွတ်မြောက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့ ပြုလုပ်စေရမည်။

(ဃ) အကြမ်းဖက်မှုကို စီးနင်းတိုက်ခိုက်ခြင်းမပြုမီ ဓားစာခံများလွတ်မြောက်ရေးအတွက် သင့်လျော်သောကျွမ်းကျင်သူများပါဝင်သည့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဓားစာခံထိန်းသိမ်းထားသူများနှင့် ဖြစ်နိုင်ခြေရှိသမျှ စေ့စပ်ညှိနှိုင်းဆောင်ရွက်စေရမည်။

၄၂။ နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ (ခ) အရ တာဝန်ပေးအပ်လာသည့်အခါ တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များသည် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည် -

(က) အကြမ်းဖက်မှုကျူးလွန်သူများ၏ ခလေ့စရိုက်များ၊ ပြစ်မှုကျူးလွန်မှုများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းများ၊ လက်နက်များအပေါ် ပြည်သူများ နားလည်သတင်းပေးနိုင်စေရန် ဆွေးနွေးခြင်း၊

(ခ) အကြမ်းဖက်မှုကျူးလွန်သူများအား နောက်ကွယ်မှ ငွေကြေးနှင့် အထောက်အကူပြု ပစ္စည်းထောက်ပံ့ပေးသူများ၊ အားပေးကူညီသူများကို အဓိက စုံစမ်းဖော်ထုတ်၍ အကြမ်းဖက်မှုကျူးလွန်သူများနှင့် ဆက်နွယ်မှုလမ်းကြောင်းနှင့် နည်းလမ်းများအား ဖြတ်တောက်ခြင်း၊

(ဂ) လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် ပူးပေါင်း၍ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဃ) အထူးလေ့ကျင့်ထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကြိုတင်နေရာချထားခြင်း၊ ဓားစာခံများရှိရာ အဆောက်အအုံ၏ စနစ်ပုံများကို လေ့လာခြင်း၊

(င) အကြမ်းဖက်မှု ကျူးလွန်သူများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော ဓားစာခံများလွတ်မြောက်ရေးနှင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုမရှိစေရေးအတွက် အတတ်နိုင်ဆုံးဦးစားပေး ဆောင်ရွက်ခြင်း၊

(စ) အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများအား ကူညီဆောင်ရွက်နိုင်ရန် ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊

(ဆ) အကြမ်းဖက်မှုတွင် ပါဝင်ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ဖမ်းဆီး၍ နောက်ကွယ်မှ ထောက်ပံ့သူများ၊ အားပေးကူညီသူများ စီစဉ်ညွှန်ကြားသူများအား ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ထိရောက်သောအရေးယူမှုများ ဆောင်ရွက်ခြင်း။

စာမျက်နှာ ၁၂ သို့ ☆

☆ စာမျက်နှာ ၁၁ မှ

၄၃။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် -

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုကျူးလွန်သည့် အကြမ်းဖက်သမားများအား ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝရမ်းမပါဘဲ ရှာဖွေဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းပြုနိုင်သည်။

(ခ) လူတစ်ဦး သို့မဟုတ် လူအများအား အကြမ်းဖက်သမားများမှ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သို့မဟုတ် မတရားဖမ်းဆီးချုပ်နှောင်ထားကြောင်း သတင်းရရှိသည့်အခါ ထိုနေရာ သို့မဟုတ် အဆောက်အအုံအတွင်းသို့ အတားအဆီးမရှိဝင်ရောက်၍ ဓားစာခံများကို ကယ်တင်နိုင်သည်။ ထိုသို့ဝင်ရောက်ရာတွင် အတားအဆီးဖြစ်သော တံခါး၊ ပြတင်းပေါက် စသည့်အတားအဆီးများကိုဖျက်ဆီး၍ ဝင်ရောက်နိုင်သကဲ့သို့ ဓားစာခံများကို ကယ်တင်ပြီး အဆိုပါအတားအဆီးများရှိပါက ဖျက်ဆီး၍ ထွက်နိုင်သည်။

(ဂ) ဓားစာခံများအား ထိုသို့ဝင်ရောက်ကယ်တင်ရာတွင် အကြမ်းဖက်သမားများက အင်အားသုံး၍ အသက်အန္တရာယ်စိုးရိမ်ဖွယ်ရာ ခုခံလာလျှင်သော်လည်းကောင်း၊ ထွက်ပြေးလွတ်မြောက်အောင် ကြိုးပမ်းလျှင်သော်လည်းကောင်း အကြမ်းဖက်သမားအား သေစေသည်အထိ ပစ်ခတ်ဖမ်းဆီးနိုင်သည်။

(ဃ) ဓားစာခံများကို ဝင်ရောက်ကယ်တင်ရာတွင် လူ့ကိုယ်ခန္ဓာနှင့်ပစ္စည်းအပေါ် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် မိမိကိုယ်ကိုလည်းကောင်း၊ အခြားသူ၏ ကိုယ်ကိုလည်းကောင်း ရာဇသတ်ကြီးပုဒ်မ ၉၆ မှ ၁၀၆ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့် ရှိစေရမည်။

(င) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုကျူးလွန်သူအကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အရေးယူရမည်။

**အခန်း (၈)**

**နျူကလီးယားအဆောက်အအုံများနှင့် သက်ဆိုင်သည့်ပြစ်မှုများနှင့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို တားဆီးနှိမ်နင်းခြင်း**

၄၄။ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် -

(က) အပြည်ပြည်ဆိုင်ရာနျူကလီးယားဒြပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်းရှိ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အဖွဲ့အစည်းမှတစ်ဆင့်ဖြစ်စေ လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

(ခ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နည်းပညာများတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထားခြင်း၊ ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်ရာတွင် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယားဒြပ်ပစ္စည်းများနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင် ကွန်ဗင်းရှင်းနှင့်အညီ လုံခြုံမှုအဆင့်သတ်မှတ်၍ လိုအပ်သောအစီအမံများချမှတ်ပြီးဆောင်ရွက်စေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်အားသက်ဆိုင်ရာအစိုးရဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်စေရမည်။

(ဂ) အပြည်ပြည်ဆိုင်ရာနျူကလီးယားဒြပ်ပစ္စည်း သယ်ယူပို့ဆောင်မှုပြုနေစဉ်ကာလအတွင်း နည်းဥပဒေခွဲ(ခ) အရ သတ်မှတ်ထားသောအမျိုးအစားနှင့် အဆင့်အလိုက် ဘေးကင်းလုံခြုံမှုအစီအစဉ်များပြုလုပ်ပေးမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်သူ သို့မဟုတ် တာဝန်ယူ၍ သယ်ယူပို့ဆောင်သူထံမှ အာမခံချက်များရယူထားရမည်။ ထိုသို့အာမခံချက်များ ရယူထားခြင်းမရှိလျှင် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများကို တည်ဆဲဥပဒေအရ ခွင့်ပြုချက်မရှိဘဲ–

(၁) ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သယ်ဆောင်ခြင်း၊ ပေးပို့ခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်း မပြုစေရ။

(၂) နိုင်ငံတော်၏နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်၏ လေဆိပ်၊ သင်္ဘောဆိပ်နှင့် ကုန်းလမ်းဝင်ပေါက်ဂိတ်များမှတစ်ဆင့် ဖြတ်သန်းသယ်ယူ ပို့ဆောင်ခြင်းကိုသော်လည်းကောင်း ခွင့်မပြုရ။

(ဃ) အောက်ပါဆောင်ရွက်ချက်များနှင့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်သတ်မှတ်၍ ထိန်းသိမ်းဆောင်ရွက်ရမည် -

(၁) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အခန်း(၇)ပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊

(၂) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ဆောင်ရွက်ချက်များ၊

(၃) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးပို့ရာ၌ ရရှိသောသတင်းအချက်အလက်များ၊ ယင်းတို့နှင့် ပူးပေါင်းညှိနှိုင်း၍ လှုပ်ရှားဆောင်ရွက်မှုများ။

၄၅။ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် -

(က) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများနှင့် အခြားလက်နက်များအား တစ်နည်းနည်းဖြင့် လက်ခံမှု၊ လက်ဝယ်ထားရှိမှု၊ အသုံးပြုမှု၊ ပြုလုပ်မှု၊ လွှဲပြောင်းမှု၊ ပြောင်းလဲမှု၊ စွန့်ပစ်မှု၊ ပျံ့လွင့်စေမှု သို့မဟုတ် ဖြန့်ကျက်ချထားမှုများ မပြုရေးနှင့် တားဆီးရေးအတွက်လည်းကောင်း၊ အဆိုပါ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် လုပ်ဆောင်မှုများအား စောင့်ကြပ်ထိန်းချုပ်ရေးအတွက်လည်းကောင်း လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ခ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ခိုးယူမှု၊ လုယက်မှု၊ အလွဲသုံးစားပြုမှု၊ လိမ်လည်အတုပြုလုပ်မှုများမှ ကာကွယ်ရေးအတွက် လည်းကောင်း၊ ဇီဝနှင့် ဓာတုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားဒြပ်ပစ္စည်းများအား ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် တရားဝင်အသုံးပြုလျက်ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများအား ရာခိုင်နှုန်းပြည့်ထိန်းချုပ်ရေးနှင့် ဘေးကင်းလုံခြုံရေးအတွက်လည်းကောင်း လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိစေရန်အလို့ငှာ သက်ဆိုင်ရာတာဝန်ရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း သို့မဟုတ် ထိုသို့စစ်ဆေးစေခြင်း ပြုရမည်။

(ဂ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သယ်ဆောင်မှု၊ ပေးပို့မှု သို့မဟုတ် ရွှေ့ပြောင်းမှုများကိုလည်းကောင်း၊ ဇီဝ၊ ဓာတုနှင့်နျူကလီးယားလက်နက်များကို ပြည်တွင်းသို့ ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သယ်ဆောင်မှု၊ ပေးပို့မှု သို့မဟုတ် ရွှေ့ပြောင်းမှုများကို လည်းကောင်း ထိန်းချုပ်နိုင်စေရန် နိုင်ငံတော်၏ဝင်ပေါက်နေရာများတွင် အဆိုပါ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား စောင့်ကြည့်စစ်ဆေးသည့် စက်ကိရိယာများတပ်ဆင်ခြင်း၊ နယ်စပ်ဒေသများ၌ သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၏ ရှာဖွေထောက်လှမ်းရေး စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ ပြုရမည်။

(ဃ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ပစ္စည်းကိရိယာများ၊ နျူကလီးယား အဆောက်အအုံများအား အသုံးပြု၍ဖြစ်စေ၊ ဖျက်ဆီး၍ဖြစ်စေ တစ်နည်းနည်းဖြင့် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းထုတ်လွှင့်မှုများနှင့် ဓာတ်ရောင်ခြည်များ ပျံ့လွင့်စေမှုများ မဖြစ်ပွားစေရန် နျူကလီးယားအဆောက်အအုံများအား လုံခြုံရေးအစီအမံများ စနစ်တကျထားရှိခြင်းနှင့် ကြိုတင်ကာကွယ်ရေးအစီအမံများ ပြုလုပ်ဆောင်ရွက်စေရန် သက်ဆိုင်ရာအစိုးရဌာနအား တာဝန်ပေးရမည်။

(င) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကိုအသုံးပြု၍ တစ်နည်းနည်းဖြင့် အခြားသူတစ်ဦးဦးကိုသေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်သော်လည်းကောင်း၊ ပစ္စည်းဥစ္စာကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာပျက်စီးစေရန်သော်လည်းကောင်းရည်ရွယ်၍ ကျူးလွန်မှု သို့မဟုတ် ထိုပစ္စည်းတစ်ခုခုကို အသုံးပြုမှု၊ လက်ဝယ်ထားမှု သို့မဟုတ် ပြုလုပ်မှုကိုတားဆီးရန် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား စနစ်တကျမှတ်ပုံတင်ထားရှိခြင်း၊ မှတ်ပုံတင်ထားသော ယင်းပစ္စည်းတို့နှင့်စပ်လျဉ်းသည့် နေရာဒေသရွှေ့ပြောင်းမှုအားလုံးကို မှတ်တမ်းတင်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခြင်းခံရသည့်အခါ ယင်းတို့ကို ပြန်လည်ရရှိရေးအတွက် ပြည်တွင်းရှိ အာဏာပိုင်အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အဖွဲ့အစည်းမှတစ်ဆင့်ဖြစ်စေ လိုအပ်သလိုညှိနှိုင်းပူးပေါင်းဆောင်ရွက်စေရန် သက်ဆိုင်ရာအစိုးရဌာနအား တာဝန်ပေးရမည်။

(စ) ဗဟိုအဖွဲ့၏လမ်းညွှန်ချက်အရ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကိုအသုံးပြု၍ အကြမ်းဖက်မှုများပြန့်ပွားစေရေးအတွက် ငွေကြေးထောက်ပံ့မှုကျူးလွန်သည့် ပြည်ပနိုင်ငံမှပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက ပိုင်ဆိုင်ပြီး မိမိနိုင်ငံ၏ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ရှိသော ငွေကြေးနှင့်ပစ္စည်းများကို ထိန်းချုပ်ခြင်းနှင့် ထိုနိုင်ငံများတွင်မှတ်ပုံတင်ထားသော သင်္ဘောများအား မိမိနိုင်ငံ၏ဆိပ်ကမ်းတွင် ဝင်ရောက်ဆိုက်ကပ်ခြင်းတို့ကို ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဆ) နျူကလီးယားအဆောက်အအုံများ နှောင့်ယှက်ဖျက်ဆီးမှုဖြစ်ပွားပါက မှုခင်းများဖြစ်ပွားပြီးနောက်ပိုင်း စုံစမ်းစစ်ဆေးမှုစွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ပြုလုပ်စေရန် သက်ဆိုင်ရာအစိုးရဌာနအား တာဝန်ပေးရမည်။

**အခန်း (၉)**

**ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းခြင်း**

၄၆။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် -

(က) နိုင်ငံတော်တွင်မှတ်ပုံတင်ထားသောသင်္ဘောများအား ပြည်တွင်းပြည်ပဆိပ်ကမ်းများတွင် ရေကြောင်းပို့ဆောင်ရေးကိုလည်းကောင်း၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကိုလည်းကောင်း ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများ ဖြစ်ပွားလာပါက ကိုင်တွယ်ဖြေရှင်းနိုင်မည့်အစီအမံများကို ကြိုတင်ချမှတ်ပြီး ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၇ ပါ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သော အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ သင်္ဘောများ၊ ဆိပ်ကမ်းများနှင့် သင်္ဘောဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အထောက်အကူပြုပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား တားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့်ညှိနှိုင်းပြီး ရေကြောင်းကာကွယ်ရေး လက်နက်ကိုင်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များအား တာဝန်ပေးရမည်။

(ဂ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၃ ပါ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံနှင့် ထိုအဆောက်အအုံပေါ်ရှိလူများကို ဘေးအန္တရာယ်ဖြစ်စေသည့် အကြမ်းဖက်မှုများကိုလည်းကောင်း၊ ထိုဥပဒေပုဒ်မ ၃၃ ပါ ပြစ်မှုတစ်ခုခုကို နိုင်ငံတော်၏ပိုင်နက်ပင်လယ်နယ်နိမိတ်တွင်ဖြစ်စေ၊ ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ ပြစ်မှုကျူးလွန်သည့် အကြမ်းဖက်မှုများကိုလည်းကောင်း ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပြီး ရေကြောင်းကာကွယ်ရေး လက်နက်ကိုင်တပ်ဖွဲ့အား တာဝန်ပေးရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့အရ အကြမ်းဖက်မှုများအား ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့ဆောင်ရွက်ရာတွင် လိုအပ်ပါက တပ်မတော်(ရေ)ကို အကူအညီတောင်းခံနိုင်သည်။

စာမျက်နှာ ၁၃ သို့ ☆

☆ စာမျက်နှာ ၁၂ မှ

(င) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၇ ပါ ရေကြောင်းပို့ဆောင်ရေးကို လည်းကောင်း၊ ထိုဥပဒေပုဒ်မ ၃၃ ပါ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံနှင့် ထိုအဆောက်အအုံပေါ်ရှိ လူများကိုလည်းကောင်း ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ ပေးပို့ဖလှယ်ကြရန် သက်ဆိုင်ရာ သင်္ဘောပိုင်ရှင်များ၊ ရေယာဉ်မှူးများနှင့် သင်္ဘောကုမ္ပဏီများ၊ ဆိပ်ကမ်းအာဏာပိုင်နှင့် ဆိပ်ကမ်းကိုယ်စားလှယ်များအား ညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

(စ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ဆောင်ရွက်ရာတွင် လိုအပ်ပါက သင်္ဘောအား တားဆီးထိန်းသိမ်းရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအား တာဝန်ပေးနိုင်သည်။

(ဆ) နည်းဥပဒေခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့်(စ)တို့အရ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ အစီရင်ခံရမည်။

၄၇။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့အတွက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်–

(က) ရေကြောင်းဘက်ဆိုင်ရာ အကြမ်းဖက်မှု ပေါ်ပေါက်လာပါက ဆက်သွယ်ဆောင်ရွက်ရမည့် အဖွဲ့များနှင့် တာဝန်ခံများအား သတ်မှတ်တာဝန်ပေးခြင်းနှင့် ထိုအဖွဲ့များနှင့် တာဝန်ခံများအား ဆက်သွယ်ဆောင်ရွက်ရမည့် တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်နှင့် လိပ်စာများကို သတ်မှတ်ကြေညာထားခြင်း၊

(ခ) နိုင်ငံတော်အတွင်းရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများ၏ ဆက်သွယ်ရမည့် တာဝန်ခံပုဂ္ဂိုလ်၊ လိပ်စာ၊ ဖက်(စ်)၊ အီးမေးလ်၊ ဖုန်းနံပါတ်များကို ပြုစုထားရှိခြင်း၊

(ဂ) မိမိလုပ်ငန်းကော်မတီဝင်များနှင့် အခြားလုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ဃ) ဗဟိုအဖွဲ့၏လမ်းညွှန်ချက်အရ အခြားလုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အကြမ်းဖက်မှုများဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် ကျွမ်းကျင်သော ပုဂ္ဂိုလ်များခန့်ထားခြင်းနှင့် အထူးလေ့ကျင့်ထားသည့် တပ်ဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်စေခြင်းနှင့် ဆောင်ရွက်မှုကိုကြီးကြပ်ခြင်း၊

(စ) အကြမ်းဖက်မှုများ ဖြစ်ပေါ်လာသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြအစီရင်ခံစေခြင်း။

၄၈။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံတော်အတွင်းဖြစ်ပေါ်သော ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးအတွက် အောက်ပါလုပ်ငန်းစဉ်များချမှတ်ပြီး အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်–

(က) အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးနှင့် စုံစမ်းစစ်ဆေးရေးတို့အတွက် စီမံချက်များချမှတ်ခြင်းနှင့် စီမံချက်ပါအတိုင်း တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်များအား ကျွမ်းကျင်မှုလေ့ကျင့်သင်တန်းများပေးပြီး လက်တွေ့ကျကျ ကြိုတင်လေ့ကျင့်ဆောင်ရွက်ခြင်း၊

(ခ) ဆိပ်ကမ်းများ၊ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံ၊ သင်္ဘောများပေါ်တွင် အပြည်ပြည်ဆိုင်ရာ သင်္ဘောနှင့် ဆိပ်ကမ်းများလုံခြုံရေးဥပဒေ [International Ships and Ports Facility Security Code (ISPS Code)]အရ သတ်မှတ်ထားသော လုံခြုံရေး အဆင့်အတန်း အစီအမံများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဂ) သင်္ဘောပေါ်တွင်လည်းကောင်း၊ ဆိပ်ကမ်းတစ်ခုခုတွင်လည်းကောင်း၊ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံတွင်လည်းကောင်း အကြမ်းဖက်မှုဖြစ်စဉ်၊ ခြိမ်းခြောက်မှုဖြစ်စဉ် ဖြစ်ပွားပါက ကိုင်တွယ်ဖြေရှင်းမည့် အစီအမံများအားရေးဆွဲပြီး လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) နိုင်ငံတော်ပိုင်နက်ပင်လယ်အတွင်း သွားလာနေသော သင်္ဘောများမှ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန် လိုအပ်သောအစီအမံများချမှတ်၍ သင်္ဘောပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ သင်္ဘောသားများအား အသိပညာပေးခြင်း၊

(င) နိုင်ငံတော်ပိုင်နက်ပင်လယ်အတွင်း သွားလာနေသော သင်္ဘော၊ ရေယာဉ်များမှ အကူအညီတောင်းခံလာလျှင် လိုအပ်သောအကူအညီများပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောအစီအမံများကို ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာ သင်္ဘောပိုင်ရှင်၊ ဆိပ်ကမ်းအာဏာပိုင်နှင့် သင်္ဘောကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်းကိုယ်စားလှယ်များအား သတင်းအချက်အလက်များ ပေးပို့ဖလှယ်ဆောင်ရွက်ခြင်း၊

(စ) ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာကွန်ဗင်းရှင်း(Convention for the Suppression of Unlawful Acts Against the Safety of Maritime Navigation–SUA Convention)နှင့် ကမ်းလွန်ရေတိမ်ပိုင်းရှိ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံများအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာ ပရိုတိုကောလ် [Protocol for the Suppression of Unlawful Acts Against the Safety of Fixed Platforms Located on the Continental Shelf (SUA PROT)]ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၄၉။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံတော်အတွင်းဖြစ်ပေါ်သော ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ သင်္ဘောအား ဖမ်းဆီးထိန်းသိမ်းမှုကို ဆောင်ရွက်သည့်အခါ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) ကနဦးစစ်ဆေးဆောင်ရွက်ချက်အား ဆောလျင်စွာပြုလုပ်ခြင်း၊

(ခ) နိုင်ငံခြားသားဖြစ်ပါက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိအဖွဲ့အစည်းသို့ ကနဦး စစ်ဆေးတွေ့ရှိချက်များနှင့်အတူ အကြောင်းကြားခြင်း၊

(ဂ) နိုင်ငံမဲ့ဖြစ်ပါက အစဉ်အမြဲနေထိုင်လေ့ရှိသောနိုင်ငံသို့ ကနဦး စစ်ဆေးတွေ့ရှိချက်များနှင့်အတူ အကြောင်းကြားခြင်း။

၅၀။ ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့သည် –

(က) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ရေပြင်တွင် တရားဥပဒေစိုးမိုးရေးအတွက် လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးအတွက်လည်းကောင်း တာဝန်ရှိသည်။

(ခ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ရေပြင်တွင် ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများအား လိုအပ်သောတပ်ဖွဲ့အင်အားကိုအသုံးပြု၍ တားဆီးချေမှုန်း ဖြေရှင်းဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင်–

(၁) လိုအပ်သောတပ်ဖွဲ့အင်အားကို အသုံးပြုနိုင်သည်။

(၂) ရရှိသည့်အချိန်လုံလောက်ပါက ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီနှင့် အထက်ဌာနသို့ သတင်းပို့ဆောင်ရွက်ရမည်။

(၃) ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် လိုအပ်လျှင် ရေယာဉ်မှူး၏ ဆုံးဖြတ်ချက်ဖြင့် အချိန်မီ ဆောင်ရွက်နိုင်သည်။

(၄) အတင်းအဓမ္မ အင်အားသုံးခြိမ်းခြောက်ခြင်းခံရ၍ဖြစ်စေ၊ အန္တရာယ်ရုတ်တရက် ကြုံတွေ့ရသည့်အခါတွင်ဖြစ်စေ ရေယာဉ်မှူးသည် ကာကွယ်ခုခံနိုင်သည့် အခွင့်အရေးရှိသည်။

(၅) မိမိကိုယ်ကိုကာကွယ်ခုခံခြင်းအပြင် အခြားသူတစ်ဦးဦးကို အပြင်းအထန်နာကျင်စေမည့် ဘေး သို့မဟုတ် အသက်အန္တရာယ်ဘေးမှ အကာအကွယ်ပေးရန် အကျိုးအကြောင်း ခိုင်လုံပါက လိုအပ်သော တပ်ဖွဲ့အင်အားကို အသုံးပြုနိုင်သည်။

(၆) ရေယာဉ်မှူးကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် ဘေးအန္တရာယ်ကျရောက်မည့် အခြေအနေကြုံတွေ့ပါက ရေယာဉ်မှူး၏ ဆုံးဖြတ်ချက်ဖြင့် လိုအပ်သော တပ်ဖွဲ့အင်အားကို အသုံးပြုနိုင်သည်။

၅၁။ ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့သည် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရန် သံသယဖြစ်ဖွယ်ရှိသော ပစ်မှတ်ရေယာဉ်အား ရှာဖွေစစ်ဆေးရေး၊ ရပ်တန့်ခြင်းမရှိသော သို့မဟုတ် လိုက်နာရန်ငြင်းဆန်သော ပစ်မှတ်ရေယာဉ်များနှင့် လက်နက်ဖြင့်ပြန်လည်ခုခံလာသော ပစ်မှတ်ရေယာဉ်များအား လိုအပ်သလို တားဆီးနှိမ်နင်းရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၂။ ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့သည် ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံဆိုင်ရာ ဘေးအန္တရာယ်ဖြစ်စေမည့် အကြမ်းဖက်မှုများအတွက် ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးလျက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်–

(က) ဥပဒေမဲ့ပြုလုပ်သောအကြမ်းဖက်မှုများအား တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းဖော်ထုတ်ခြင်း၊

(ခ) မြန်မာ့ပင်လယ်ရေပြင်နှင့် ဆိပ်ကမ်းများ၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများကို ပုံမှန်စောင့်ကြပ်ခြင်း၊ ကင်းလှည့်စစ်ဆေးခြင်း၊

(ဂ) ရေယာဉ်အပိုင်စီးခြင်း၊ အဖျက်အမှောင့်ပြုလုပ်ခြင်း၊ ဗုံး သို့မဟုတ် အခြားပေါက်ကွဲစေတတ်သောပစ္စည်းဖြင့် ခြိမ်းခြောက်မှု၊ ဘေးအန္တရာယ်ပြုမှုများအား သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၊ ချေမှုန်းရေးတပ်ဖွဲ့များနှင့် ဗုံးရှင်းလင်းရေးအထူးတပ်ဖွဲ့များနှင့် ပူးပေါင်း၍ ထိန်းချုပ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခြင်း၊

(ဃ) ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လုပ်ငန်းဆိုင်ရာဆောင်ရွက်နိုင်ရေးအတွက် တပ်ဖွဲ့ဝင်များအား လေ့ကျင့်ထားရှိခြင်း၊

(င) လိုအပ်သည့်အချိန်တွင် သင်္ဘောပေါ်တွင်လည်းကောင်း၊ သင်္ဘောနှင့်အတူလိုက်ပါ၍ လည်းကောင်း လုံခြုံရေးလိုက်ပါဆောင်ရွက်ခြင်း။

၅၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်အတွင်း ခွင့်ပြုချက် သို့မဟုတ် လိုင်စင် ထုတ်ပေးထားသော ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံများ၏ တည်နေရာနှင့် အချက်အလက်များကို အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (International Maritime Organization – IMO) သို့ ပေးပို့အကြောင်းကြားရမည်။

၅၄။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်အတွင်းဖြစ်ပေါ်သော ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့သို့ အောက်ပါအချက်များဖော်ပြ၍ အကြောင်းကြားရမည်–

(က) အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ဖြစ်စဉ်အကျဉ်း၊

(ခ) အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုအမည် (သိရှိလျှင်)၊

(ဂ) အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရာ၌ ခရီးသည်နှင့် ကုန်ပစ္စည်းများကို မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ခဲ့သည့်အခြေအနေ၊

(ဃ) ဥပဒေကြောင်းအရ ဆက်လက်၍ အရေးယူဆောင်ရွက်မည့် အစီအစဉ်များ။

*(ဆက်လက်ဖော်ပြပါမည်)*

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် မတ် ၁၀**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ထိုသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်ခန်းမများ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေးစကားများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ကိုးဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

**ကြိုဆိုလက်ခံသွားမည်**

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မြဝတီရပ်ကွက်နေ ရာမျိုးမောင်သည် ၎င်းအသုံးပြုသည့် “Yar Myo Maung” Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၇) ရပ်ကွက်နေ သင်းသင်းခိုင်သည် ၎င်းအသုံးပြုသည့် “Thin Thin Khaing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


# နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်၌ အခကြေးငွေယူ၍ Passport ပြုလုပ်ပေးသူ အမျိုးသမီးတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**


၂၀၂၃ ခုနှစ် မတ် ၇ ရက်တွင် “နေပြည်တော်အသိုင်းအဝိုင်း” Facebook Group “Win Min Thant” Facebook Account ပိုင်ရှင်က “နေပြည်တော် ၈ မြို့နယ် အိမ်ထောင်စုဖြင့် ပတ်စပို့အမျိုးမျိုးကို ယုံကြည်စွာဖြင့်အပ်နှံနိုင်ပါပြီ၊ ဆက်သွယ်ရန်ဖုန်းနံပါတ် 09-422116161” ဟု ရေးသားဖော်ပြထားခဲ့မှုနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

**ဖော်ထုတ်သိရှိရ**

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက Facebook Page တွင် ဖော်ပြထားရှိသည့် ဖုန်းနံပါတ် 09-422116161 သို့ မတ် ၈ ရက် ည ၇ နာရီတွင် ဆက်သွယ်စုံစမ်းခဲ့ရာ သာမန်မြန်မာနိုင်ငံကူးလက်မှတ်အသစ် (သို့မဟုတ်) သက်တမ်းတိုးလျှောက်ထားမည်ဆိုပါက ၎င်းအား ငွေကျပ် ၂၄၀၀၀၀ ပေးချေရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူအနေဖြင့် မှတ်ပုံတင်မိတ္တူ နှစ်စုံ၊ အိမ်ထောင်စုစာရင်းမိတ္တူ နှစ်စုံ ယူဆောင်လာ၍ ပျဉ်းမနားတရားရုံးအရှေ့ရှိ ၎င်း၏နေအိမ်ဖြစ်သော “ရွှေလဝန်းမိတ္တူ”သို့ စရန်ငွေကျပ် ၁၀၀၀၀၀ နှင့်အတူ ယုံကြည်စိတ်ချစွာ လာရောက်အပ်နှံနိုင်ကြောင်း၊ PJ အမျိုးအစားဖြင့် လျှောက်ထားမည်ဆိုပါက မြို့နယ်အလုပ်သမားရုံးမှ လေဘာကတ်ယူဆောင်လာရမည်ဖြစ်ကြောင်း၊ လေဘာကတ်ယူဆောင်ရန် အခက်အခဲရှိပါက ငွေကျပ် ၅၀၀၀ ထပ်မံပေးရမည်ဖြစ်ကြောင်း၊ အလုပ်အပ်မည်ဆိုပါက စရန်ငွေနှင့်အတူ ၎င်း၏နေအိမ်သို့ လာရောက်အပ်နှံနိုင်ကြောင်း၊ အလုပ်အပ်နှံသည့်နေ့မှ စတင်၍ တစ်ပတ်အတွင်း သာမန်မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားနိုင်စေရန် ဆောင်ရွက်ပေးမည်ဖြစ်ပြီး လျှောက်ထားပြီးပါက နှစ်ပတ်အတွင်း စာအုပ်ရရှိမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



“Win Min Thant” Facebook Account အား စိစစ်တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံများ




၇.၃.၂၀၂၃ ရက် ၁၇၃၃ ချိန် “နေပြည်တော် အသိုင်းအဝိုင်း” Facebook Group ၌ “Win Min Thant” Facebook Account ပိုင်ရှင်မှ ရေးသားဖော်ပြထားသော Post နှင့် Comment များ မှတ်တမ်းဓာတ်ပုံ

ထိုသို့စုံစမ်းဖော်ထုတ်ချက်အရ ၎င်းချိန်းဆိုသည့် ပျဉ်းမနားမြို့ ပေါင်းလောင်း(၂)ရပ်ကွက်ရှိ “ရွှေလဝန်းမိတ္တူ”ဆိုင်သို့ သွားရောက်ဖမ်းဆီးခဲ့ရာ အခကြေးငွေယူ၍ နိုင်ငံကူးလက်မှတ် တစ်ဆင့်ခံ ပြုလုပ်ဆောင်ရွက်ပေးသူ တရားခံဖြစ်သည့် ဝင်းမင်းသန့်(၄၂)နှစ် (ဘ) ဦးတင်ညွန့်အား မတ် ၉ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါမိတ္တူဆိုင်၌ ဖမ်းဆီးရမိခဲ့ပြီး ပျဉ်းမနားမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၇၄၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၉၂,၆၁၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၅၄) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၃၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်း တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ချောင်းဆုံမြို့နယ် တောင်စွန်းကျေးရွာသို့ ဆက်သွယ်မည့် ကလ္လီရွာရှောင်လမ်း ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ချောင်းဆုံ မတ် ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာမှ တောင်စွန်းကျေးရွာသို့ ဆက်သွယ်မည့် ကလ္လီရွာရှောင်လမ်း ဆောင်ရွက်နေမှုအား ယမန်နေ့က မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ကလ္လီရွာရှောင်လမ်း ဖောက်လုပ်ခြင်းကို ဒရယ်ကျေးရွာ ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများ၏ အကူအညီဖြင့် မြေယာကိစ္စများ ညှိနှိုင်းကာ လမ်းအရှည် ၈၂၈၂ ပေ မြေသားလမ်း၊ ကျောက်ရောမြေ ဂဝံခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၆ရက်က စတင်ဆောင်ရွက်ခဲ့ရာ မတ် ၈ ရက်အထိ ၁၂ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်အမှာစကားပြောကြားကာ ကလ္လီရွာရှောင်လမ်း လုပ်ငန်းဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**






## ရှမ်းပြည်နယ်ဝန်ကြီးချုပ် နမ့်စန်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**နမ့်စန် မတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက နမ့်စန်မြို့ မြို့နယ်ခန်းမ၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းတင်က ဒေသဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဆိုင်ရာ လိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နမ့်စန်ခရိုင်အတွင်း တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ နမ့်စန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းတင်က လက်ခံရယူသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ငွေပေးအပ်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသော အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်လုပ်ငန်းများကို လာရောက် ပြသလျက်ရှိသည့် ကွန်ဟိန်းမြို့နယ်၊ မိုးနဲမြို့နယ်၊ နမ့်စန်မြို့နယ် တို့မှ ဒေသထွက်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်စန်မြို့နယ် မက္ကဒေးမီးယားစိုက်ပျိုးထားရှိမှုနှင့် ပျိုးပင်များအား သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်း


**ဘားအံ မတ် ၁၀**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများနှင့်ခရိုင်ဥပဒေအရာရှိများနှင့် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ကရင်ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ကရင်ပြည်နယ် ဥပဒေချုပ်ဦးရဲလွင်က ဥပဒေရေးရာဝန်ကြီးဌာန လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ပြည်နယ်ဥပဒေအရာရှိဦးတင်မြင့်ဦးက ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိတို့က ထပ်ဆင့်ရှင်းလင်းပွဲသို့ တက်ရောက်လာသော ခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါထပ်ဆင့်ရှင်းလင်းပွဲသို့ ပြည်နယ်အတွင်းရှိဥပဒေအရာရှိ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




☆ ကျောဖုံးမှ

အနက် မျက်လုံးပုလဲရောင်ဖြစ် ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်းငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် ခုနစ်လခွဲသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၃ လက်မ၊ ကိုယ်လုံး လုံးပတ် ၅ ပေ ၁၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၄၀၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် မတ် ၁၀**

မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရွှေလီဧည့်ခန်းမဆောင်၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မိသားစုတို့က လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၅၀၀ ကို တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားအကျဉ်းထောင်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**မြစ်ကြီးနား မတ် ၁၀**

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) အကြိုလှုပ်ရှားမှုအဖြစ် ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများက မြစ်ကြီးနားအကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများအား ယမန်နေ့နံနက် ၉ နာရီက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ရာသို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာတင့်နိုင်၊ ပြည်နယ်အကျဉ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းဗိုလ်နောင်၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အကျဉ်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများပူးပေါင်း၍ အကျဉ်းထောင်အတွင်းရှိ ဆေးရုံဆောင်၊ ပြင်ပလူနာဌာနနှင့် အကျဉ်းထောင်စာကြည့်တိုက်တို့တွင် စိတ်ကျန်းမာရေး စောင့်ရှောက်ပေးမှုအနေဖြင့် အမျိုးသား အမျိုးသမီး စုစုပေါင်း ၂၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၂၂ ဦး၊ အရိုး၊ အကြော၊ အဆစ်လူနာ ၃၇ ဦး၊ သွားနှင့်ခံတွင်းလူနာ၊ မျက်စိရောဂါဝေဒနာရှင် ၈၃ ဦးတို့နှင့် အထွေထွေရောဂါလူနာ ၄၃ ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၂၀၆ ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ နှစ်သိမ့်အားပေးဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၅ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၀ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၅ | ၂၃၂၀ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၉၅ | ၂၄၂၅ | ၃၀၀၀ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၈ | ၂၀၇၂ |
| 95 Ron | ၂၀၈၀ | ၂၁၅၅ |
| HSD (500 ppm) | ၂၀၀၄ | ၂၀၇၃ |
| HSD (50 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (10 ppm) | ၂၀၇၈ | ၂၁၄၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆုဖလားရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြု

နေပြည်တော် မတ် ၁၀

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျင်းပခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများတွင် တံခွန်စိုက် ဆုဖလားရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးမှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ၊ တံခွန်စိုက်ဆုဖလား ရရှိခဲ့သော အောင်ပွဲရအားကစားသမားများနှင့် နည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြု အမှာစကားပြောကြားသည်။ ထို့နောက် တံခွန်စိုက် ဆုဖလားရရှိခဲ့သော အားကစားသမားများက



တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ တံခွန်စိုက်ဆုဖလား များအပ်နှံသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန် စိုက်ဆုဖလားရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုဆုငွေကျပ် ၁၄၆၇ သိန်းနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြရာ အောင်ပွဲရ အားကစားအသင်းများကိုယ်စား အုပ်ချုပ်သူတစ်ဦး က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် အောင်ပွဲရအားကစားသမားများ၊ နည်းပြများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြု နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

အားကစားသမားများအနေဖြင့် အားကစား ပြိုင်ပွဲများဖြစ်သော အလေးမအားကစား၊ လက်ဝှေ့ အားကစား၊ ရိုးရာခြင်းလုံးအားကစား၊ တိုက်ကွမ်ဒို အားကစား၊ ဘော်လီဘောအားကစား၊ သေနတ်ပစ် အားကစား၊ ပိုက်ကျော်ခြင်းအားကစား၊ U-19 ဘောလုံးအားကစား၊ U-18 ဘောလုံး(အမျိုးသမီး)၊ U-25 ပြေးခုံပစ်အားကစား၊ မြန်မာသိုင်းအားကစား၊ ဂျူဒိုအားကစား၊ ကြက်တောင်အားကစား၊ ဘတ်စကက်ဘောအားကစား၊ စစ်တုရင်အားကစား၊ စားပွဲတင်တင်းနစ်အားကစား၊ ဘိလိယက် အားကစား၊ ဝူရှူးအားကစား၊ ဂေါက်သီးရိုက် အားကစားတို့တွင် စုစုပေါင်း ရွှေတံဆိပ် ၆၆ ဆု၊ ငွေတံဆိပ် ၄၈ ဆု၊ ကြေးတံဆိပ် ဆု ၅၀ တို့ ရရှိခဲ့ ကြောင်း သိရသည်။

သတင်းစဉ်



## ခရမ်းချဉ်သီးအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ညောင်လေးပင် မတ် ၁၀

ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု အစီအစဉ်ဖြင့် ဆောင်ရွက်သည့် တိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခရမ်းချဉ်သီးအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၆ ရက်ကညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းအောင် လက်မှတ်များနှင့် သင်တန်းဆင်းလုပ်ငန်း ထူထောင်လုပ်ကိုင်မည့် သင်တန်းသူ သုံးဦးအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ ပေးအပ်သည့် ထုပ်ပိုးစက်ကိရိယာနှင့် ထုပ်ပိုးမှုပစ္စည်းများကို ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက သင်တန်းထုတ်ကုန်ပစ္စည်းများကို သင်တန်း သားတစ်ဦးချင်းစီအား ပေးအပ်သည်။ အဆိုပါ သင်တန်းဆင်းပွဲအခမ်း အနားသို့ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၁၀ ဦးတို့ တက်ရောက်ပြီး သင်တန်းတွင် ခရမ်းချဉ်သီးယို၊ ခရမ်းချဉ်သီးဆော့စ်နှင့် ခရမ်းချဉ်သီးအမှုန့် ပြုလုပ်နည်းတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

၅၆၈

## ပြင်ဦးလွင်မြို့၌ ကြိုတင်သတိပေးစနစ်နှင့် သဘာဝဘေးဆိုင်ရာသင်တန်း ဖွင့်လှစ်

ပြင်ဦးလွင် မတ် ၁၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တော်ခန်းမတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ ကြိုတင်သတိပေးစနစ်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းကို ယနေ့နံနက် ၉ နာရီ က ဖွင့်လှစ်ခဲ့သည်။



ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကျော်က အဖွင့်အမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သွဲ့သွဲ့လင်းက လည်းကောင်း၊ ကြိုတင်သတိပေးစနစ်နှင့် သဘာဝဘေးများအကြောင်းအား မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက လည်းကောင်း၊ အရေးပေါ်ရှာဖွေကယ်ဆယ်ခြင်းဆိုင်ရာ အကြောင်းအရာများအား ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက လည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများဖြစ်ကြသည့် ဒေါ်ခင်စိန်ကြည်က မြေငလျင်ဘေး သိမှတ်ဖွယ်ရာများအကြောင်း၊ ဦးအောင်ကိုမင်းက မြစ်ရေကြီးမှုဘေး အကြောင်းနှင့် ဦးထိန်လင်းက ပြင်ဦးလွင်မြို့၏ ရာသီဥတုဆိုင်ရာ သုံးသပ်ချက်များအကြောင်းအား ဆွေးနွေးပို့ချပေးခဲ့ကြသည်။

အဆိုပါ သင်တန်းတွင် ပြင်ဦးလွင် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျိုက်ထိုမြို့နယ်၌ ဖိနပ်ချုပ်သင်တန်း ဖွင့်လှစ်

ကျိုက်ထို မတ် ၁၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လူထုအခြေပြုဇဟိုဌာနခန်းမတွင် ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကာ နွေရာသီဖိနပ်ချုပ် သင်တန်းကို ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းစိုးက ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က သင်တန်းဖွင့်လှစ်ရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နည်းပြဆရာ ဦးမြင့်လွင်က ဖိနပ်ချုပ်လုပ်ပုံအဆင့်ဆင့် ကို ဆွေးနွေးပြောကြားပြီး လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ လူငယ် ၂၀ တို့ တက်ရောက်ကြပြီး ပုံချခြင်း၊ အလျင်ဝိုင်းခြင်း၊ ကော်သုတ်ခြင်း၊ ခေါင်စိုက်ခြင်း၊ ခေါင်တုပ်ခြင်း၊ သဲကွင်းထိုးခြင်း၊ အောက်ပိတ်ကပ်ခြင်း



တို့ကို စနစ်တကျ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကာ မတ် ၁၀ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျေးသီးမြို့နယ်၌ ကျေးလက်ရေပေးဝေရေးဖွင့်ပွဲ ကျင်းပ

ကျေးသီး မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ရေပေးဝေရေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဝမ်စိမ်းကျေးရွာအုပ်စု မတ်လန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က မတ်လန်းကျေးရွာတွင် VDP စီမံကိန်းဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ရေဖြန့်ဝေမှုနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများကို ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာရှိ ရပ်မိရပ်ဖများက ကျေးလက်ရေပေးရေးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာ ရေရရှိမှုနှင့် ရေသုံးစွဲမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကျေးလက်ရေပေးရေးသည် စိမ့်စမ်းရေ (အမြင့်တင်) သွယ်တန်းခြင်းလုပ်ငန်းဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၀၀၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ စတုတ္ထအပတ်မှစတင်၍ ကျေးရွာသူ ကျေးရွာသားများကိုင်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

၂၂

# 19th ASIAN Games ပြိုင်ပွဲ Promotion အနေဖြင့် မြန်မာနိုင်ငံ၌ ASIAN Games Fun Run ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

19th ASIAN Games ပြိုင်ပွဲ Promotion အနေဖြင့် မြန်မာနိုင်ငံ၌ ASIAN Games Fun Run ပြိုင်ပွဲကို ယနေ့နံနက်စနာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံ အားကစားကွင်းရှိ ပြေးခုန်ပစ်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Peng Fong၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ၊ OCA Media Manager Mr. Zhou Jian ၊ Hangzhou Asian Game Organizing Committee member Mr. Ding Jiong၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၁၃ နှစ်အထက် အမျိုးသား(၁ ဒသမ ၄ ကီလိုမီတာ)အပြေးပြိုင်ပွဲကို သေနတ်ပစ် ဖောက်၍ စတင်တာလွှတ်ရာ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ၊ OCA Media Manager ၊ Hangzhou Asian Game Organizing Committee member တို့သည် ပြိုင်ပွဲဝင်အားကစားသမားများနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ ၁၃ နှစ်အထက် အမျိုးသမီး (၁ ဒသမ ၄ ကီလိုမီတာ)အပြေးပြိုင်ပွဲ၊ ၁၃ နှစ်အောက် မီတာ (၄၀၀) အမျိုးသား/ အမျိုးသမီး အပြေးပြိုင်ပွဲနှင့် မီတာ(၁၀၀)မသန်စွမ်း အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲများကိုကျင်းပခဲ့ပြီး ပန်းဝင်လာသော အားကစားသမားများအား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ လာရောက်ကြည့်ရှုသည့် ပြည်သူများက အားပေးကြိုဆိုကြသည်။




ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ပထမမှ ဒသမအထိ ဆုရရှိသည့်အားကစားသမားများကို ဆုများချီးမြှင့်ရာ ၁၃ နှစ်အထက်အမျိုးသား (၁ ဒသမ ၄ ကီလိုမီတာ)အပြေးပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများကို Hangzhou Asian Game Organizing Committee member က လည်းကောင်း၊ ၁၃ နှစ်အထက် အမျိုးသမီး (၁ ဒသမ ၄ ကီလိုမီတာ) အပြေးပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများကို OCA Media Manager က လည်းကောင်း၊ ၁၃ နှစ်အောက် မီတာ(၄၀၀) အမျိုးသားအပြေးပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ၁၃ နှစ်အောက် မီတာ(၄၀၀) အမျိုးသမီးအပြေးပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူးက လည်းကောင်း၊ မသန်စွမ်း အမျိုးသား/အမျိုးသမီး မီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများနှင့် အသက်အငယ်ဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့သည့် သက်ထားစံ(၆)နှစ်အား အထူးဆုကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ဆုရ အားကစားသမားများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

# လယ်ယာသုံးထွန်စက်များ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်ပွဲ ကျင်းပ

ပုသိမ် မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)၌ Daedong လယ်ယာသုံးထွန်စက်များ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ် ၂၆ မြို့နယ်မှ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းသားများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် လယ်ယာသုံးစက်ကိရိယာများ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်၍ လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရေးနှင့် သမဝါယမလယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

Daedong လယ်ယာသုံးထွန်စက်များ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုသင်တန်းကို မတ် ၆ ရက်မှ ၁၀ ရက်ထိ သင်တန်းသား ၃၀ ဖြင့် စာတွေ့ လက်တွေ့ သင်ကြား ပို့ချခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ မျိုးစေ့ချ ကိရိယာပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရေတာရှည် မတ် ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သည့် Drum Seeder မျိုးစေ့ချ ကိရိယာပေးအပ်ပွဲအခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ မတ် ၈ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ကြပ်ကော်မတီရန်ပုံငွေဖြင့် ဝယ်ယူသော မျိုးစေ့ချကိရိယာ ၁၅ လုံးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက ဒေသခံတောင်သူများထံ ပေးအပ်ခဲ့ကာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနေလင်းဇော်က သုံးစွဲပုံသုံးစွဲနည်းကို ရှင်းပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

# ဇေယျာသီရိမြို့နယ်၌ ဝါးလက်မှုသင်တန်းဖွင့်ပွဲ ကျင်းပ



နေပြည်တော် မတ် ၁၀

မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ပေါင်းစည်းမှုအစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပံ့ပိုးစီမံပေးမှုဖြင့် ဖွင့်လှစ်သော ဝါးလက်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ဝင်ပြန်ကျေးရွာရှိ နေပြည်တော်ဝါးသက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းတွင် မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သော ဝါးလက်မှုပညာ၊ ဝါးပရိဘောဂ၊ ဝါးမီးသွေးနှင့် ဝါးပေါင်းခံရည်တို့အား စက်မှုကုန်ကြမ်းအဆင့်ရရှိထုတ်လုပ်နိုင်ရေး သင်ကြားပေးမည့်အစီအစဉ်များကို ပြောကြားသည်။

အဆိုပါ ဝါးလက်မှုသင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိကျေးရွာငါးရွာမှ သင်တန်းသား သင်တန်းသူ ၂၀ ကျော်တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးရက်ကြာပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **ငွေကြယ်**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် မတ် ၁၀

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရ **“အရှင်ပညာသာမိ”** ရေးသားသည့် **“မြန်မာနိုင်ငံအတွင်းရှိ အရှေ့ပိုးကရင်လူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်စာပေ”** စာအုပ်ကို ၂၀၂၃ ခုနှစ် မတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နမ့်စန်မြို့နယ် ဟိုင်းနားလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေး

နမ့်စန် မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းအခမ်းအနားကို မတ် ၇ရက် နံနက်ပိုင်းက ဟိုင်းနားကြီးကျေးရွာအုပ်စု ဟိုင်းနားလေးကျေးရွာ၌ တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပထမဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက ဟိုင်းနားလေးကျေးရွာရှိ မြစိမ်းရောင်အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးဝသုန်ဦးနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟိုင်းနားလေးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၁၂၃ ဦးကို အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၈ သိန်းအား အသင်းသား အသင်းသူများ၏ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ဆဋ္ဌမအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **၂၂၂**

# တရုတ်သမ္မတ ရှီကျင့်ဖျင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့် အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌအဖြစ် တတိယသက်တမ်း ဆက်လက်ထမ်းဆောင်

**ပေကျင်း  မတ်  ၁၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့် အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌအဖြစ် တတိယသက်တမ်း ရာထူးတာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့် အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌအဖြစ် တတိယသက်တမ်း ဆက်လက်ထမ်းဆောင်ရန် ယနေ့ ကျင်းပသည့် (၁၄)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေးတွင် တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

သမ္မတတစ်ဦးသည် ငါးနှစ်သာ တာဝန်ထမ်းဆောင်ရမည် ဟူသည့် ကန့်သတ်ချက်ကို ပယ်ဖျက်လိုက်သည့် ဖွဲ့စည်းပုံပြင်ဆင်ချက်ကို အမျိုးသားပြည်သူ့ကွန်ဂရက်က ၂၀၁၈ ခုနှစ်တွင် အတည်ပြုခဲ့သည်။

ရှီကျင့်ဖျင်သည် တရုတ်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌအဖြစ် ယမန်နှစ်မှစပြီး တတိယသက်တမ်းကို စတင်ထမ်းရွက်လျက်ရှိသည်။

အလားတူ ဒုတိယဝန်ကြီးချုပ် ဟန်ကျန်းသည် ဒုတိယသမ္မတရာထူးတာဝန်ကို ရွေးချယ်ခြင်းခံခဲ့ရသည်။ ဟန်ကျန်းသည် ယမန်နှစ် အမျိုးသားကွန်ဂရက်တွင် ပါတီနိုင်ငံရေးဗျူရို၏ အမြဲတမ်းကော်မတီဝင်တစ်ဦးဖြစ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

■



# တရုတ်နိုင်ငံက Tianhui-6 A နှင့် Tianhui-6 B အမည်ရှိ ဂြိုဟ်တုနှစ်လုံး အောင်မြင်စွာလွှတ်တင်

**တိုင်ရွှန်  မတ်  ၁၀**

တရုတ်နိုင်ငံက Tianhui-6 A နှင့် Tianhui-6 B အမည်ရှိဂြိုဟ်တုနှစ်လုံးကို တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ် တိုင်ရွှန်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ယနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၁ မိနစ်အချိန်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။



၎င်းဂြိုဟ်တုများအား Long March-4C အမျိုးအစား သယ်ဆောင်ရေးဒုံးပျံမှတစ်ဆင့် အာကာသအတွင်းရှိ ဂြိုဟ်ပတ်လမ်းအတွင်းသို့ လွှတ်တင်ခဲ့သည်။ အဆိုပါဂြိုဟ်တုများ၏ တာဝန်မှာ ဘူမိမြေပုံထုတ်လုပ်ခြင်း၊ မြေယာအရင်းအမြစ်များအား သုတေသနပြုလုပ်ခြင်းနှင့် သိပ္ပံပညာဆိုင်ရာ လက်တွေ့စမ်းသပ်မှုများ ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ငလျင်လှုပ်ခတ်မှုကြောင့် တူကီယဲနိုင်ငံ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်လွန်မည်

**အန်ကာရာ  မတ်  ၁၀**

ပြီးခဲ့သည့်လအတွင်း တူကီယဲနှင့် ဆီးရီးယားနိုင်ငံတောင်ပိုင်း၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ တူကီယဲတစ်နိုင်ငံတည်းတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်လွန်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(UNDP)က ခန့်မှန်းပြောကြားသည်။

ငလျင်ဘေးသင့်ဒေသများ၌ အသက်ရှင်ကျန်ရစ်သူများနှင့် သက်ကြီးရွယ်အိုများအတွက် စောင့်ရှောက်ရေးဂေဟာများနှင့် ချက်ပြုတ်ကျွေးမွေးရန် အထောက်အပံ့ပစ္စည်းများ လိုအပ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်က ဆိုသည်။

ဖေဖော်ဝါရီ ၆ ရက်က ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိသော ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ခတ်မှုကြောင့် တူကီယဲနိုင်ငံ၌ လူပေါင်း ၄၆၀၀၀ ခန့်နှင့် ဆီးရီးယားနိုင်ငံ၌ ၆၀၀၀ ခန့် သေဆုံးခဲ့သည်။

မတ် ၁၆ ရက်တွင် ဘရပ်ဆဲလ်၌ ကျင်းပမည့် နိုင်ငံတကာအလှူရှင်များညီလာခံတွင် အဆိုပါငလျင်ဘေးသင့်ပြည်သူများအတွက်ငွေကြေးအကူအညီများ ပိုမိုတောင်းခံသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုမြင့်တက်လာ

**ဟန္နွိုင်း  မတ်  ၁၀**

တရုတ်နိုင်ငံက ၎င်း၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာမူဝါဒကို ပြင်ဆင်ခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံ၏ တရုတ်နိုင်ငံသို့ ပင်လယ်စာတင်ပို့မှုမြင့်တက်လာကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ယနေ့ ပြောကြားသည်။


တရုတ်နိုင်ငံသို့ ဖေဖော်ဝါရီလအတွင်းက ပင်လယ်စာတင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၂၂ သန်းရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဗီယက်နမ်ပင်လယ်စာ ထုတ်လုပ်တင်ပို့ရောင်းချသူများအဖွဲ့က ဆိုသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်၏ ပင်လယ်စာတင်ပို့ရာ ဒုတိယအကြီးဆုံးဈေးကွက်ဖြစ်လာပြီး တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာမူဝါဒကို ပြင်ဆင်သတ်မှတ်လိုက်ခြင်းက ဗီယက်နမ်ပင်လယ်စာတင်ပို့သူများအတွက် ဈေးကွက်ရရှိရေးအခွင့်အလမ်းများဖြစ်လာစေခဲ့ကြောင်း ဗီယက်နမ်ပင်လယ်စာ ထုတ်လုပ်တင်ပို့ရောင်းချသူများအဖွဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ငုယင်ဟိုနမ်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ကုန်ပစ္စည်းပို့ဆောင်ရေးလမ်းကြောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ပြီးဖြစ်သဖြင့် နှစ်နိုင်ငံကုန်သွယ်ရေး များစွာအဆင်ပြေချောမွေ့လာကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Tran Thanh Nam က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**




# ထိုင်းနိုင်ငံသို့ တင်သွင်းမည့် လျှပ်စစ်ကားပစ္စည်း အစိတ်အပိုင်းများအား အခွန်ကင်းလွတ်ခွင့်ပြုမည်

**ဗန်ကောက်  မတ်  ၁၀**

ထိုင်းနိုင်ငံသည် နိုင်ငံအတွင်းသို့တင်သွင်းမည့် လျှပ်စစ်ကားပစ္စည်းအစိတ်အပိုင်းများကို အခွန်ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့က မတ် ၇ ရက်တွင် ပြောကြားခဲ့သည်။

လျှပ်စစ်ကားများတွင် အသုံးပြုသည့်ဘက်ထရီနှင့် မော်တာများအပါအဝင် အခြားအစိတ်အပိုင်းများကို တင်သွင်းခွန်ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူ Anucha Burapachaisri က ပြောသည်။

နိုင်ငံအတွင်းရှိ လျှပ်စစ်ကားသုံးစွဲသူများ ရေရှည်သုံးစွဲနိုင်ရေးရည်ရွယ်ကာ ယခုကဲ့သို့ လျှပ်စစ်ကားအစိတ်အပိုင်းများအား တင်သွင်းခွန် ကင်းလွတ်ခွင့်ပြုခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တင်သွင်းခွန်ကို ၂၀၂၅ ခုနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်သဖြင့် နိုင်ငံအတွက် တစ်နှစ်လျှင် အခွန်ငွေ ဘတ် ၃ ဒသမ ၁၄ ဘီလီယံခန့် လျော့နည်းသွားနိုင်သော်လည်း ထိုင်းနိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းကို တိုးတက်လာစေပြီး ဒေသတွင်း လျှပ်စစ်ကားအများအပြား အောင်မြင်စွာထုတ်လုပ်သည့် နေရာတစ်ခုဖြစ်လာစေနိုင်ကြောင်း ၎င်းကဆိုသည်။ ထိုင်းနိုင်ငံ အမျိုးသားလျှပ်စစ်ကားမူဝါဒဆိုင်ရာကော်မတီသည် ပြီးခဲ့သည့်လက လျှပ်စစ်ကားဘက်ထရီဆိုင်ရာ အခွန်ကောက်ခံမှုနှုန်းထားကို ရှစ်ရာခိုင်နှုန်းမှ တစ်ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီး လျှပ်စစ်ကားဘက်ထရီထုတ်လုပ်ရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့ရန် သဘောတူခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ၂၀၂၂ ခုနှစ်အတွင်း မလေးရှားနိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉ ဘီလီယံရရှိ

**ကွာလာလမ်ပူ  မတ်  ၁၀**

မလေးရှားနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉ ဘီလီယံခန့် အတည်ပြုရရှိခဲ့ကြောင်း မလေးရှားရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့(MIDA)က ယနေ့ ပြောကြားသည်။

**ဖန်တီးပေးနိုင်မည်**

ရင်းနှီးမြှုပ်နှံမှုများတွင် စီမံကိန်းပေါင်း ၄၄၅၄ ခုပါဝင်ပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၁၄၀၃၇၀ ခန့် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း မလေးရှားရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၆၁ ဒသမ ၇ ရာခိုင်နှုန်း သို့မဟုတ် ရင်းဂစ် ၁၆၃ ဒသမ ၃ ဘီလီယံခန့်ရှိကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

အလားတူ ပြည်တွင်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ၃၈ ဒသမ ၃ ရာခိုင်နှုန်း သို့မဟုတ် ရင်းဂစ် ၁၀၁ ဒသမ ၃ ဘီလီယံအထိရှိခဲ့ကြောင်း သိရသည်။

**ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံ**

ရင်းနှီးမြှုပ်နှံမှုပမာဏအများဆုံး နိုင်ငံများအနက် တရုတ်နိုင်ငံသည် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး တရုတ်နိုင်ငံနောက်တွင် အမေရိကန်၊ နယ်သာလန်၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့က ရပ်တည်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် အာရှ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာရန် ကြိုးပမ်းလျက်ရှိသည့်အပြင် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာနှင့် အခြေခံအဆောက်အအုံများ၊ စွမ်းရည်ထက်မြက်သည့် သိပ္ပံနှင့် နည်းပညာများရှိခြင်းကြောင့် အာဆီယံ၏ ဒစ်ဂျစ်တယ် ဗဟိုချက်အဖြစ် လျင်မြန်စွာ ထွက်ပေါ်လာရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း မလေးရှားနိုင်ငံတကာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဇာဖရူတန်ကူအဗ္ဗဒူအာဇစ်က ဆိုသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ-၃ရပ်ကွက်၊ ပတ္တမြားတောင်ခြမ်း၊ မြစပယ်ပတ်လမ်း၊ မြေကွက်အမှတ်(၅၆၄)ဟုခေါ်တွင်သော အလျား(၃၀ပေ)xအနံ(၅၀ပေ)အကျယ်အဝန်းရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေချပါမစ်တွင် ဗိုလ်ကြီးအောင်မျိုးကြည် [၁၂/မဂဒ(နိုင်)၀၀၅၇၁၆](RGN-052595)မှ အမည်ပေါက်ရောက်ပိုင်ဆိုင်ထားပြီး၊ အမည်ပေါက်ဖြစ်သူ ဗိုလ်ကြီးအောင်မျိုးကြည်မှာ ကွယ်လွန်သွားပြီးဖြစ်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအား တစ်ဦးတည်းသောဇနီးဖြစ်သူ ယခုအပိုင်ရောင်းချသူ ဒေါ်နန်းအုံးစိန် [၁၂/မဂဒ(နိုင်)၀၀၅၇၁၇]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး၊ ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေနှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးခင်မောင်မြင့် (၁၂/သလန(နိုင်)၀၆၅၇၀၂) ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**

**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**

**"ရာမည"Legal Services**

**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုမင်္ဂလာလမ်းမကြီး၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း - 09-260087755, 09-421123477**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ-၃ရပ်ကွက်၊ ပတ္တမြားတောင်ခြမ်း၊ မြစပယ်ပတ်လမ်း၊ မြေကွက်အမှတ်(၅၆၃)ဟုခေါ်တွင်သော အလျား(၃၀ပေ)xအနံ(၅၀ပေ)အကျယ်အဝန်းရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေချပါမစ်တွင် ဗိုလ်ကြီးစိုးသန်း(TKA-031888)မှ အမည်ပေါက်ရောက်ပိုင်ဆိုင်ထားပြီး၊ အမည်ပေါက်ဖြစ်သူ ဗိုလ်ကြီးစိုးသန်းမှာ ကွယ်လွန်သွားပြီးဖြစ်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအား တစ်ဦးတည်းသောဇနီးဖြစ်သူ ယခုအပိုင်ရောင်းချသူ ဒေါ်နန်းစိန်ဥ (KSI-000654)[၁၃/လရန(နိုင်)၀၀၇၅၈၄]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး၊ ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေနှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးခင်မောင်မြင့် [၁၂/သလန(နိုင်)၀၆၅၇၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**

**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**

**''ရာမည''Legal Services**

**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုမင်္ဂလာလမ်းမကြီး၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း - 09-260087755, 09-421123477**

## အများသိစေရန် ကြေညာခြင်း

Digital for Business Success တည်ထောင်သူ ဦးအောင်မွန်ချမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ **AYE YARWADDYLAWFIRM (UKMOGROUP)** LTD မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်-

ကျွန်ုပ်တို့၏မိတ်ဆွေ Digital for Business Success တည်ထောင်သူ ဦးအောင်မွန်ချမ်း အသုံးပြုလျက်ရှိသော "D B S Myanmar" "D B S" အစရှိသော တံဆိပ်အမှတ်အသားများကိုလည်းကောင်း၊ ဦးအောင်မွန်ချမ်း၏ အမည် ဓာတ်ပုံနှင့် ကိုယ်ပိုင်အချက်အလက်များကိုလည်းကောင်း၊ မသမာသူများသည် You Tube မှ တရားမဝင်ကူးယူ၍ Page အတုများ အသုံးပြုပြီး လိမ်လည်မှုအမျိုးမျိုးကို ပြုလုပ်ကျူးလွန်ကာ ဦးအောင်မွန်ချမ်းနှင့် Digital for Business Success ၏ ဂုဏ်သိက္ခာထိခိုက်အောင် လုပ်ဆောင်နေကြောင်း သတင်းများကြားသိရပါသည်။

သို့ဖြစ်ပါ၍ Digital for Business Success တည်ထောင်သူ ဦးအောင်မွန်ချမ်း အသုံးပြုလျက်ရှိသော "D B S Myanmar" "D B S" တံဆိပ်အမှတ်အသားများကိုလည်းကောင်း၊ ဦးအောင်မွန်ချမ်း၏ အမည်ဓာတ်ပုံနှင့် ကိုယ်ပိုင်အချက်အလက်များကိုလည်းကောင်း၊ ဦးအောင်မွန်ချမ်း၏ခွင့်ပြုချက်မရဘဲ တရားမဝင်ကူးယူ၍ Facebook Page, Website, Social Media, You Tube အပါအဝင် အခြားနေရာများ၌ အသုံးပြုခြင်းကို ယနေ့မှစတင်ပြီး တင်းကြပ်စွာ တားမြစ်လိုက်သည်။ ယင်းတားမြစ်ချက်အား လိုက်နာခြင်းမရှိပါက ထိုက်သင့်သော ဥပဒေပုဒ်မများအရ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ခိုင်ချို့မွန်(LL.B)** | **ဦးစည်သူဟိန်း** | **ဦးအောင်မျိုးဆန်း(LL.B, CBL)** |
| **တရားလွှတ်တော်ရှေ့နေ** | **(အထက်တန်းရှေ့နေ)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၆၁၁)** |
| **စဉ်-၁၀၀၅၉ (၂၉-၇-၂၀၁၄)** | **(စဉ်-၅၃၃၉၄)** | **စမ်းကြီးကုန်းကျေးရွာ၊ ပုသိမ်မြို့။** |
| **အမှတ်(၂၃၀၇)၊ ကျောက်စရစ်ကုန်း၊ ပုသိမ်မြို့။** | **အမှတ်(၃၃၄)၊ ယိုးဒယားကုန်းလမ်း၊ ပုသိမ်မြို့။** | **Ph:09-983663790, 09-671585155** |
| **Ph:09-422456992,09-791393931** | **Ph:09-964482703** | |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွာမရပ်၊ မြေဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်အမှတ်(ပ-၄၅၅၂)၊ ဦးစိုးအောင်၊ အဖအမည်ဦးကြည်[၁၂/ရကန(နိုင်)၀၂၃၀၈၅] အမည်ပေါက်ပါမစ်မြေကွက်ကို ဦးစိုးသက်နောင်၊ အဖအမည် ဦးသန်းထိုက်ဦး[၅/ယမပ(နိုင်)၀၆၅၃၃၀]မှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ် မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ် (၆၄) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၆) ထပ်တိုက်၏ မြေညီထပ်၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ( $12\frac{1}{2}$ x ၅၀ )ပေရှိ တိုက်ခန်းတစ်ခန်းနှင့် မြေပိုင်ဆိုင်မှု ၊ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိ မြေပိုင်ရှင်၊ အခန်းပိုင်ရှင်(၁)ဦးမင်းဟန်[၁၂/စခန(နိုင်)၀၂၇၂၂၉]နှင့်(၂)ဒေါ်ခင်ခင် [၁၂/စခန(နိုင်)၀၃၉၄၇၈]တို့အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **LL.B, D.B.L, (စဉ်-၁၅၉၇၅)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်) ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၇၉၈၈၂၇၅၉၀ ၀၉ - ၇၉၀၁၂၄၈၀ ၀၉ - ၅၀၅၃၁၀၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနစီမံခန့်ခွဲမှုအောက်ရှိ သမဝါယမကောလိပ်(ဖောင်ကြီး)နှင့် သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင်၊ မန္တလေး)တို့တွင် လစ်လပ်လျက်ရှိသော နည်းပြ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၁၉)နေရာတို့တွင် အောက်ပါပညာ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

| စဉ် | ခန့်ထားမည့် နေရာနှင့် ဦးရေ | ဘွဲ့အလိုက် ခန့်ထားမည့် ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| ၁။ | သမဝါယမကောလိပ် (ဖောင်ကြီး)-(၇)ဦး | (၁) | B.Econ(Eco)(Hons), B.Econ(Eco) (Q), B.B.Sc(RD) (Q), B.A(BS)(Q), B.B.Sc(Q) |
| | | (၁) | B.B.Sc(SEM)(Q), B.P.A(Hons), B.P.A(Q), B.A(BS)(Q), B.B.Sc(Q) |
| | | (၂) | B.Com(Hons), B.Com(Q), B.B.A (Hons), B.B.A(Q), B.Act(Hons), B.Act(Q),B.B.Sc(AF)(Q), B.B.Sc (MM)(Q), B.A(BS)(Q), B.B.Sc(Q) |
| | | (၁) | B.A(Myan)(Hons), B.A(Myan)(Q) |
| | | (၁) | B.Sc(Maths)(Hons), B.Sc(Maths)(Q) |
| | | (၁) | B.A(Geog)(Hons), B.A(Geog)(Q) |
| ၂။ | သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း-(၁၂)ဦး (တောင်ကြီး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင်၊ မန္တလေး) | (၃) | B.Econ(Eco), B.Com, B.Act,BBA, BBM,B.A(BS),B.B.Sc |
| | | (၆) | B.C.Sc, B.Sc (Computer Science) |
| | | (၃) | B.A(Eng) (ဘွဲ့အလိုက် မဟာဘွဲ့ရရှိသူ၊ မဟာဘွဲ့ တက်ရောက်ရန် အဆင့်မီသူများအား ဦးစားပေးမည်။) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၂၈-၂-၂၀၂၃)ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅)နှစ် ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါကအသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၅)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရမည်။

(င) သမဝါယမကောလိပ်(ဖောင်ကြီး)နှင့် သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေး ပညာသင်တန်းကျောင်း(တောင်ကြီး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင်၊ မန္တလေး)သို့ ဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။ လျှောက်လွှာ (၁)စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာန၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် သမဝါယမဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့(၁၇-၃-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။

(ဆ) လျှောက်လွှာများကို သမဝါယမဦးစီးဌာန(ရုံးချုပ်)-နေပြည်တော်၊ သမဝါယမ ကောလိပ်(ဖောင်ကြီး)နှင့်သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများသို့ (၁၇-၃-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

၃။ လျှောက်လွှာတွင်ဖြေဆိုလိုသည့် ကောလိပ်/သင်တန်းကျောင်းအား ထင်ရှားစွာ ဖော်ပြရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများကိုပူးတွဲတင်ပြရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း [လွန်ခဲ့သော(၁)လအတွင်း]

(ဃ) နိုင်ငံ့ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်၊ ဌာနထောက်ခံချက်

(င) ကျန်းမာကြောင်းဆေးထောက်ခံစာ

(စ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ[လွန်ခဲ့သော (၁)လ ခန့်အတွင်း]

၄။ ရေးဖြေစာမေးပွဲကို သမဝါယမကောလိပ်/သင်တန်းကျောင်းများတွင် (၂၀-၃-၂၀၂၃) ရက်နေ့၌ ပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ (၁၉-၃-၂၀၂၃) ရက်နေ့မှစတင်၍ ရေးဖြေဖြေဆိုခွင့်ကတ်ပြားထုတ်ပေးခြင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ရေးဖြေအောင်မြင်သူများအမည်စာရင်းကို သက်ဆိုင်ရာကောလိပ်/တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ကြေညာပေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား လူတွေ့ စစ်ဆေးခြင်းပြုလုပ်သွားမည်ဖြစ်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖောင်ကြီးကောလိပ် ၀၉-၄၅၁၁၅၃၆၆၄/၀၉-၄၅၂၄၂၆၉၁၂၊ ရှမ်းပြည်နယ်ရုံး ၀၉-၄၀၁၇၀၄၅၄၀၊ မကွေးတိုင်းရုံး ၀၉-၄၂၀၈၃၈၁၈၂၊ ဧရာဝတီတိုင်းရုံး ၀၄၂-၂၁၂၁၃၊ မွန်ပြည်နယ်ရုံး ၀၅၇-၂၄၆၈၄၊ မန္တလေးတိုင်းရုံး ၀၂-၄၀၃၉၁၄၇၊ သမဝါယမဦးစီးဌာန(ရုံးချုပ်) ၀၆၇-၃၄၁၀၃၃၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သမဝါယမဦးစီးဌာန(ရုံးချုပ်)**

## အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ နဝရတ်ကျောင်းဝိုင်း စကားဝါရွှေပြည် မိုးကုတ်ရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဆရာတော် **"ဒေါက်တာ အရှင်လာဘ"**အား ၄-၁-၂၀၂၃ ရက်တွင် နိုင်ငံတော်မှ ဆက်ကပ်အပ်သော **"သဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တော်ကိုလက်ခံရရှိခဲ့ပြီး ၉-၁- ၂၀၂၃ရက်တွင် အရှင်အား ထပ်မံ၍ ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA) အသင်းကြီးမှ **"မင်္ဂလာဓမ္မဇောတိကဓဇ"**ဘွဲ့ကို ချီးမြှင့်ဆက်ကပ်ခံခွင့်ရခြင်း အတွက် အရှင်ဘုရား၏ သာသနာ/ဘာသာအကျိုး စွမ်းဆောင်နိုင်မှုအား ဝမ်းမြောက် ဂုဏ်ယူပူဇော်ပါသည်အရှင်ဘုရား။

**ဒါယကာ ဦးသန်းနိုင်(ငြိမ်း)**

**(ဒုစက်ရုံမှူး ဖွဲ့နှဆီစက်)**

**ဒါယိကာမ ဒေါ်မိမိခင်(တရားရုံးချုပ်ရှေ့နေ)**

**သား/သမီးမြေးတစ်စု**

**လှိုင်ရတနာလမ်း၊ လှိုင်သာယာမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်ကွက်၊ သာစည်လမ်းအတွင်းရှိ အကွက်အမှတ်(၂၇-သူဌေးဝင်း)၊ ဦးပိုင်အမှတ်(၁၉-ဃ)၊ (၀.၀၈၁)ဧကရှိ နှစ်(၃၀)မြေငှားဂရန်မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဒေါ်တင်တင်မြင့်[၅/မရန(နိုင်)၀၀၉၉၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဦးကျော်ဆွေ[၅/မရန(နိုင်)၀၆၆၆၆၀]၊ ဒေါ်ခင်မာအေး[၅/မရန(နိုင်)၁၁၀၂၄၇]၊ ဦးသီဟရန်နိုင်ကျော်[၅/မရန(နိုင်)၃၁၂၉၈၄]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဆွေ၊ ဒေါ်ခင်မာအေးနှင့် ဦးသီဟရန်နိုင်ကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**

**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph:09-450023651,09-793568375**

## အများသိစေရန်ကြော်ငြာခြင်း

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-သကတ-၂၊မြေကွက်အမှတ် ၂၇၇၊ဧရိယာ(၀.၀၅၅)ဧက၊မြေကွက်တည်နေရာအမှတ်-၂၇၇၊ညောင်တုန်းလမ်း၊(၇)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဒေါ်သန်းနွဲ့(CA-၀၅၀၄၂၂)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဒေါ်သန်းနွဲ့(CA-၀၅၀၄၂၂)(၁၂/အလန(နိုင်)၀၂၀၁၈၅)ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၅၇/၁၈-၁၁-၂၀၂၁ဖြင့်ရရှိသူဦးကိုကို(၁၂/လမန(နိုင်)၁၁၂၁၉၈)မှဂရန်မူရင်းပျောက်ဆုံးကြောင်းသက်ဆိုင်ရာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိဝန်ခံချက်၊နိုင်ငံသားစိစစ်ရေးကတ်၊ကိုယ်စားလှယ်လွှဲစာ၊ပါဝါမရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာတို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအားခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ်-လသယ/သစ်-၁၄၈/၉၈အရ(၂၀-၅-၁၉၉၇)ရက်နေ့တွင် မူလကထုတ်ပေးခဲ့သည့်ဒေါ်သန်းနွဲ့အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်အားပယ်ဖျက်ပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၄၂)၊ သီဟလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်(၄၂)၊ ဧရိယာ-၀.၀၅၅ ဧကရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးကျော်မြတ်သူ [၁၂/မရက(နိုင်)၁၃၉၉၄၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်အောင် [၉/မဟမ(နိုင်)၀၁၀၁၈၅]၊ ဒေါ်နွယ်နီပွင့်ထူး [၇/ပခန(နိုင်)၃၅၂၀၉၁]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်အောင်၊ ဒေါ်နွယ်နီပွင့်ထူးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**

**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-421157856,09-798458627**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၅)လမ်း၊ အမှတ်(၁၉၇)၊ (၂)ခန်းတွဲ RC(၅)ထပ်အဆောက်အဦ၏ (ပထမထပ်)၊(၂-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်အခန်း)၊ဧရိယာ (၅၃၉) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သောဦးဝင်းမောင်မောင်စိုး [၁၂/မရက(နိုင်)၁၃၃၁၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သီတာတင့်ဆွေ [၈/ပခက(နိုင်)၂၁၉၀၅၂]၊ ဒေါ်ဝေဇင်တင့် [၈/ပခက(နိုင်)၂၅၇၆၅၇]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီတာတင့်ဆွေ၊ ဒေါ်ဝေဇင်တင့်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**

**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-421157856,09-798458627**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ **မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား ဆောင်ရွက်ခြင်းဖြစ်...**

❖ **ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြ...**

❖ **ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

---


**ယနေ့ ဖတ်စရာ**

**၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၃၃ ဦးရှိ** စာမျက်နှာ » ၈

**နေပြည်တော်ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်၌ အခကြေးငွေယူ၍ Passport ပြုလုပ်ပေးသူ အမျိုးသမီးတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ** စာမျက်နှာ » ၁၄

**တရုတ်သမ္မတ ရှီကျင့်ဖျင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌအဖြစ် တတိယသက်တမ်း ဆက်လက်ထမ်းဆောင်** စာမျက်နှာ » ၁၉


## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် မတ် ၁၀

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးကလေးတစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆**





## အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ သုံးမြွှာပူးကလေးငယ်များ အောင်မြင်စွာမွေးဖွား

ရန်ကုန် မတ် ၁၀

အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ ယနေ့ နံနက်ပိုင်းတွင် မိခင် ဒေါ်ဇင်သိမ့်သိမ့်အေးက သုံးမြွှာပူး ကလေးငယ်များ အောင်မြင်စွာ မွေးဖွားကြောင်း သိရသည်။

**အောင်မြင်စွာမွေးဖွား**

ရွှေပြည်သာမြို့နယ်နေ ဦးဇာနည်မြင့်အောင်၏ ဇနီး ဒေါ်ဇင်သိမ့်သိမ့်အေး အသက် ၃၀ သည် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ၎င်း၏ တတိယကိုယ်ဝန်အား မီးမဖွားမီ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူခဲ့ပြီး ဆေးရုံကြီး၏ သားဖွားမီးယပ်ဌာနမှ စနစ်တကျ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကာ ယနေ့ နံနက် ၁၀ နာရီ ၃၃ မိနစ်တွင် ကိုယ်ဝန်အား အောင်မြင်စွာ ခွဲစိတ်၍ သုံးမြွှာပူးကလေးငယ်များ အောင်မြင်စွာ မွေးဖွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သုံးမြွှာပူးကလေးငယ်များမှာ မိန်းကလေးများဖြစ်ကြပြီး မွေးကင်းစပေါင်ချိန် ၃ ပေါင် ၁၄ အောင်စစီရှိကြ၍ မိခင်ရောကလေးများပါ ကျန်းမာလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်